# မြသန်းတင့်

## ဘဝနေနည်း အနုပညာ



# ဘ၀နေနည်း အနုပညာ

## မြသန်းတင့်

## (၁၉၂၉-၁၉၉၈) ၏ ဘ၀နှင့် စာပေမှတ်တမ်း

၁၉၂၉။ ဦးပေါတင့်၊ ဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင် မြိုင်မြို့ တွင် ၁၉၂၉ မေ၊ ၂၃ ကြာသပတေးနေ့၌ မွေးဖွားခဲ့သည့် မွေးချင်း ခုနစ် ယောက် အနက် အကြီးဆုံး ဖြစ်သည်။

၁၉၄၁။ ပဥ္စမတန်းတွင် ပညာသင်သည်။

၁၉၄၂။ ဂျပန်ခေတ်တွင် ကျောင်းပြန်တက်သည်။

၁၉၄၃။ အာရှ လူငယ်များ အဖွဲ့၌ တက်တက်ကြွကြွပါဝင်သည်။

၁၉၄၄။ ဂျပန်တော် လှန်ရေး မြေအောက်ကလပ်စည်းများ နှင့် ဆက်သွယ်၍ ဖက်ဆစ်တော် လှန်ရေး ကြီးတွင် ပါဝင်သည်။

၁၉၄၅။ ဂျပန်တော် လှန်ရေး ကာလအတွင်း ‌စစ်ကိုင်းရှိ ဗိုလ်သန်းဦး(တော်လှန်ရေး တွင် ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်း ‌စစ်တွင် ကျဆုံး)နှင့် မြိုင်မြို့ ဘုန်းတော်ကြီး ဦးစရိယ (မြိုင်ဖဆပလ အမတ်ဟောင်း ဦးသက်ရှင်) တို့၏ ဦးဆောင်မှု အောက်တွင် ပါဝင်လှုပ်ရှားသည်။

၁၉၄၅-၄၇။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး မြင်းခြံခရိုင်တွင် တာဝန်ကျသည်။ မန္တလေးခရိုင် အထက်မြန်မာပြည် ဖဆပလအဖွဲ့ချုပ် မန္တလေးခရိုင် ကွန်မြူနစ်ပါတီတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သည်။

မြင်းခြံခရိုင် ကွန်မြူနစ်ပါတီကို စတင်တည်ထောင်၍ ခရိုင်ကော်မတီဝင်အ ဖြစ် ဆောင်ရွက်သည်။

ကျောက်ပန်းတောင်းတွင် အက်တူး- သခင်အုန်းဖေ(ပြည်တွင် ‌စစ်တွင် ကျဆုံး)

နှင့် အတူ "လယ်သမားများ သီးစားခမပေးရေး တိုက်ပွဲ၊ လက်ငုတ်လယ် ပြန်ထွန်ရေး " တိုက်ပွဲများ ကို ဦးဆောင်သည်။

သီးစားခမပေးရေး တိုက်ပွဲတွင် အင်္ဂလိပ်အစိုးရ သိမ်းယူထားသော လယ်သမားများ ၏ ပစ္စည်းများ ကို ပြန်လည်လုယူသည့်အတွက် (ရုံးမင်းတစ်ထိုင်) ပြစ်ဒဏ်ကျခြင်း ခံရသည်း။

မြင်းခြံခရိုင်တွင် အခြားသော ခေါင်းဆောင်ကြီးများ နှင့် အတူ သူ့ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည် ဟု အင်္ဂလိပ် အလိုတော် ရိနှင့် မြေရှင်များ က တိတ်တဆိတ် ဆုငွေထုတ်သည်။

အထွေထွေသပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလ သဘော်ကျင်း အလုပ်သမားထုကြီး ပါဝင်ရေး အတွက် တာဝန်ယူသည်။

မြင်းခြံခရိုင် အလုပ်သမား သမဂ္ဂနှင့် လယ်သမား သမဂ္ဂတို့တွင် အလုပ်မှုဆောင်အ ဖြစ် ဆောင်ရွက်ရင်း ဖြူး မြို့ တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖြူး လယ်သမား ကွန်ဂရက်ကြီးသို့ မြင်းခြံခရိုင် ကိုယ်စားလှယ်အ ဖြစ် တက်ရောက်သည်။

၁၉၄၇။ မကျွန်းမာသဖြင့် တာဝန်မှ အနားယူကာ တက္ကသိုလ်စာမေးပွဲဖြေဆိုသည်။ ပခုက္ကူခရိုင် ကျောင်းသားသမဂ္ဂအ ဖြစ် ဆောင်ရွက်သည်။

၁၉၄၈။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၉။ ပထမဦးဆုံးရေး သည့် "ဒုက္ခသည်" ဝတ္ထုတိုကို တာရာ မဂ္ဂဇင်း (တွဲ ၃၊ မှတ် ၂၁၊ ၁၉၄၉) တွင် ပုံနှပ်ဖော်ပြသည်။း

၁၉၅၀။ "စာပေသည် ပြည်သူ့အတွက်" ဟူသော ကြွေးကြော်သံဖြင့် "စာပေသစ် မဂ္ဂဇင်း" ကို ကိုသန်းတင်၊ ဒဂုန်တာယာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့် အတူ ဦးဆောင်ထုတ်ဝေစသည်။

၁၉၅၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ရက် (မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံ စာရေး

ဆရာအသင်း အလုပ်မှု ဆောင်အ ဖြစ် ဆောင်ရွက်သည်။

စာရေး ဆရာအသင်းမှ ထုတ်ဝေသော " ပြည်တော် သစ် ဂျာနယ်" တွင် အယ်ဒီတာ ချုပ်အ ဖြစ်လည်းကောင်း၊ "တိုးတက်ရေး သတင်းစာ" တွင် အယ်ဒီတာချုပ်အ ဖြစ် လည်းကောင်း၊ ဆောင်ရွက်သည်။ ဒုတိယမြောက် ဘာသာပြန်အ ဖြစ် ဂေါ်ကီ၏ အတ္ထုပတ္တိ " မက္ကဇင်ဂေါ်ကီ" ကို ဗန်းမော်စာအုပ်တိုက်မှ ထုတ်ဝေသည်။

၁၉၅၃။ ပထမဦးဆုံး ပင်ကိုရေး လုံးချင်း ဝတ္ထု"မေတ္တာအသင်္ချေ" ကို ရေး သည်။

၁၉၅၄။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၅၅။ သခင်ကိုယ်တော် မှိုင်းဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီတွင် အတွင်းရေး မှူးအ ဖြစ် ဆောင်ရွက်သည်။

၁၉၅၆။ ဥပဒေဘွဲ့ကို ရရှိသည်။

၁၉၅၇။ "ပြည်သူ့တိုးတက်ရေး ပါတီ" ပေါ်လစ်ဗျူရိုတွင် ပါဝင်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ရက် (မြန်မာနိုင်ငံ) အတွင်းရေး မှူးချုပ်နှင့် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့ တွင် ဌာနချုပ်လုပ်ထားသော "ကမ္ဘာ့ငြိမ်းချမ်းရေး ကောင်စီ"၏ ဗျူရို အဖွဲ့ဝင်လူကြီး ဖြစ်ခဲ့သည်။

၁၉၅၈။ ပဒေသရာဇ်ဆန့်ကျင်ရေး ဝတ္ထု"လိုက်ခဲ့တော့ မြနန္ဒာ" ကို မြဝတီ မဂ္ဂဇင်း (အယ်ဒီတာချုပ် ဇဝနလက်ထက်) တွင် ရေး သားသည်။

အထိန်းအသိမ်းခံ ဘဝဖြင့် ကိုကိုးကျွန်းကို ရောက်သည်။

၁၉၆၀။ "စာရေး ဆရာကလပ်တွင် " အမှု ဆောင် ဖြစ်သည်။

" အမှောင်ရိပ်ဝယ် " ဝတ္ထုကို ရေး သည်။

ဗိုလ်တစ်ထောင် သတင်းစာတွင် နေ့စဉ်အခန်းဆက် အ ဖြစ် " နှံ့ထဲက ကြာ" ဝတ္ထုစာအုပ်မှ အစပြု၍ မူလ ကလောင်နာမည် "မြသန်း" မှ "မြသန်းတင့်" သို့

ပြောင်းခဲ့သည်။

၁၉၆၁။ အထိန်းအသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

ယင်းနှစ် မှာ ပင် ဆိုဗီဒင်နိုင်ငံ စကော့ဟုမ်းမြို့ တွင် ကျင်းပသော "ငြိမ်းချမ်းရေး ကောင်စီ" အစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက်(မြန်မာနိုင်ငံ) ၏ ကိုယ်စားလှယ်အ ဖြစ် တက်ရောက်သည်။ ညီလာခံမှ အပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ငြိမ်းချမ်းရေး ကော်မတီများ ၏ ဖိတ်ကြားချက်အရ ဒဂုန်တာယာ၊ ပါမောက္ခဦးအောင်လှတို့နှင့် အတူ သွားရောက်သည်။

၁၉၆၂။ "စာရေး ဆရာ သမဂ္ဂ" တွင် အမှု ဆောင် ဖြစ်ခဲ့သည်။

၁၉၆၃။ "ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဝင်" နှင့် "ပြည်သူ့ကော်မတီ ဝင်တစ်ဦး" အ ဖြစ် တာဝန်ယူခဲ့သည်။

ပြည်တွင်း ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သော အခါ အထိန်းအသိမ်းခံရပြီး ဒုတိယအကြိမ် ကိုကိုးကျွန်းသို့ ရောက်ခဲ့သည်။

၁၉၇၂။ အထိန်းအသိမ်းခံ ဘဝမှ လွတ်မြောက်ခဲ့သည်။

တော်လ်စတွိုင်း၏ "စစ်နှင့် ငြိမ်းချမ်းရေး" ဝတ္ထုဘာသာပြန် (၁၉၇၂) ခုနှစ် အတွက် "အမျိုး သားစာပေ ဘာသာပြန်ဆု" ရသည်။

၁၉၇၈။ အမေရိကန် စာရေး ဆရာမ မဂရက်မစ်ချယ်၏ "လေရူးသုန်သုန်" ဝတ္ထု ကို ဘာသာပြန်ဖြင့် "အမျိုး သားစာပေ ဘာသာပြန်ဆု" ကို ရခဲ့သည်။

၁၉၈၈။ တရုတ်စာရေး ဆရာကြီး ဆောင်းရှုချင်းနှင့် ကောက်ငိုတို့၏ "ခန်းဆောင်နီအိမ်မက်" ဝတ္ထုတိုဖြင့် "အမျိုး သားစာဘာသာပြန် (ရသ)ဆု" ကို ရသည်။

၁၉၉၂။ ပြင်သစ်စာရေး ဆရာ ဒိုမိနိုလာပီယဲ၏ "သုခမြို့ တော်" ဝတ္ထု ဘာသာပြန်ဖြင့် "အမျိုး သားစာပေဘာသာပြန် (ရသ) ဆု" ရသည်။

၁၉၉၈။ ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉း၁၅ တွင် ကွယ်လွန်သည်။

*

## အမှာ စာ

ပြင်သစ် စာရေး ဆရာ အင်ဒရေ မော်ရွိုင်းသည် ၁၈၈၅ ခုနှစ် တွင် ပြင်သစ်နိုင်ငံ အဲလ်ဘတ်မြို့ တွင် မွေးဖွားပါသည်။ ဝတ္ထု၊ သမိုင်း၊ အတ္ထုပ္ပတ္တိ စသည်ဖြင့် စာစုံရေး ပြီး ယခု ဆရာမြသန်းတင့် ပြန်ဆိုသော “The Art of Living” သည် မော်ရွိုင်း၏ ထင်ရှားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ဤစာအုပ် (The Art of Living) ကို မော်ရွိုင်းသည် ၁၉၄၀ ခုနှစ် က ရေး ပါသည်။ ယခုဆိုလျှင် ဤစာအုပ်၏ သက်တမ်းသည် အနှစ် ၆၀ ကျော်ပြီ ဖြစ်သော် လည်း နိုင်ငံအသီးသီးတွင် ဘာသာအမျိုး မျိုး ဖြင့် ပြန်ဆို ရေး သားနေဆဲ၊ ထုတ်ဝေနေဆဲ ဖြစ်ပါသည်။

စာအုပ်၏ အကြောင်းအရာမှာ အချစ်၏ သဘော၊ အိမ်ထောင်ပြုခြင်း၏ သဘော၊ မိသားစု၏ သဘော၊ မိတ်ဆွေ၏ သဘော၊ တွေးခေါ်ခြင်း၏ သဘော၊ အလုပ်လုပ်ခြင်း ၏ သဘော၊ ခေါင်းဆောင်၏ သဘော၊ အိုခြင်း၏ သဘော၊ ပျော်ရွှင်မှု ၏ သဘောတို့ကို ဖွင့်ဆိုရင်း ဘဝကို အောင်မြင်ပျော်ရွှင်စွာ နေထိုင်နည်းကို ညွှန်ပြခြင်း ဖြစ်ပါသည်။

ဤစာအုပ်သစ်ကို မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဆရာ့ကို ချစ်ခင်လေးစားကြသော စာဖတ်ပရိတ်သတ်များ အတွက် အထူးတင်ဆက်လိုက်ပါသည်။

*

## ချစ်ခြင်းအနုပညာ

ချစ်တာဟာ အနုပညာ (အတတ်ပညာ) တစ်ခုလား၊ ဒါမှမဟုတ် အလိုအလျောက် ပေါ်လာတဲ့ ပကတိ စိတ်တစ်မျိုး လား။

ဒီမေးခွန်းကို မဖြေခင် နောက်မေးခွန်းတစ်ခုကို ထပ်မေးရဦးမယ်၊

အနုပညာဆိုတာ ဘာလဲ။

"အနုပညာသည် သဘာဝလောကကြီးကို ထပ်မံပေါင်းဖြည့်ထားသည့် လူဖြစ်သည်" လို့ စာရေး ဆရာ ဘေကွန်က ပြောခဲ့တယ်။ ရိုးရိုး ဥဒါဟရုဏ်ကလေးတွေ ကို ကြည့်လိုက်ရင် ဘေကွန်ရဲ့ အဆိုဟာ သင့်မြတ်တဲ့ အဆို ဖြစ်ကြောင်းကို တွေ့နိုင်ပါတယ်။ သဘာဝကြီးဟာ ပန်းချီဆရာ တစ်ယောက် အတွက် ပန်းချီကားရေး ဖို့ ကုန်ကြမ်းတွေ ကို ဖန်တီးပေးတယ်။ သစ်ပင်တွေ ၊ ပန်းပွင့်တွေ ၊ ပင်လယ်၊ သက်ရှိသတ္တဝါ၊ အလင်းရောင် စတဲ့ ကုန်ကြမ်းတွေ ကို ပေးတယ်။ ပန်းချီဆရာက သူ့စိတ်ကူးက တောင်းဆိုနေတဲ့အတိုင်း အဲဒီ ကုန်ကြမ်းတွေ ကို ပုံတူဆွဲတယ်။ ဖွဲ့စည်းတယ်။ အနုပညာအ ဖြစ် ဖန်တီးတယ်။ သဘာဝကြီးဟာ ဝတ္ထုတစ်ပုဒ်အ ဖြစ် အခြေခံ ပစ္စည်းတွေ ကို ဖန်တီးပေးတယ်။ ငှသံတွေ ၊ ရမ္မက်တွေ ၊ အဖြေရှာမရတဲ့ လူသတ်မှု တွေ ....။ စာရေး ဆရာဟာ ရှုပ်ထွေးနေတဲ့ ကုန်ကြမ်းပစ္စည်းတွေ ကို သိမ်းကျုံး ယူလိုက်ပြီး လိုရာ ရွေးယူတယ်။ ပွဲကြည့် ပရိသတ်တွေ နားလည်နိုင်တဲ့၊ သူတို့ကို စိတ်လှုပ်ရှားစေတဲ့ အလွမ်းဇာတ် တစ်ပုဒ်ကို ဖန်တီးလိုက်တယ်။

ဘေကွန်ရဲ့ ဖော်ပြပါ အနက်ဖွင့် ဆိုချက်ကို လက်ခံတယ်ဆိုရင် ချစ်တာမှာလည်း အနုပညာ ရှိတယ်ဆိုတာကို လက်ခံရပေလိမ့်မည် ။ အခြားသော ကိစ္စများ မှာ သဘာဝကြီးဟာ ကုန်ကြမ်းများ ကို ပေးပြီး အနုပညာကို လူက ဖန်တီးရသလို၊ အချစ်ကိစ္စမှာလည်း သဘာဝကြီးဟာ ကုန်ကြမ်းများ ကို ပေးထားတယ်။ သဘာဝကြီးဟာ လူတွေ ကို ကျားနဲ့ မ ဆိုပြီး နှစ် မျိုး ခွဲပေးထားတယ်။ မျိုး နွယ်တွေ ပြန့်ပွားအောင်လုပ်ဖို့ လိုအပ်ချက်ကို ဖန်တီးပေးထားတယ်။ သွေးသား တောင့်တမှု ကို ဖန်တီးပေးထားတယ်။ သွေးသားတောင့်တ မှု ဟာ သွေးသားကို ဖြည့်ဆည်းဖို့ ကျားနဲ့က မကို ပေါင်းစပ်အောင် လုပ်ပေးတဲ့ ပကတိစိတ်ပါပဲ။ လူသားဟာ အဲဒီ ကုန်ကြမ်းတွေ ကို ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံပြီး လုပအောင် သီကုံးခဲ့တယ်။ အဲဒီ လိုသာ မလုပ်ခဲ့ရင် ကျွန်တော် တို့ရဲ့ အချစ်ဟာ ဘာမှ စိတ်ဝင်စားစရာ မကောင်းတော့ဘဲ တိရိစ္ဆာန်တွေ ရဲ့ အချစ်လို ရိုးစင်းနေတော့မှာ ပေါ့။ ကျွန်တော် တို့ဟာ တိရစ္ဆာန်တွေ ရဲ့ အချစ်ကို ကြည့်မယ်။ နောက်ပြီးတော့ ရည်းစားစာ တစ်စောင်ကို ဖတ်မယ်။ ဒီနှစ် ခုကို ကြည့်လိုက်ရင် အချစ်ကိစ္စမှာ သဘာဝ အနုပညာဟာ

ဘယ်လောက် အလှမ်းကွာ ခြားနားနေတယ်ဆိုတာကိုခန့်မှန်းနိုင်တယ်။

တစ်လောက လန်ဒန်ကို ရောက်သွားတော့ အဖိုးအို တစ်ယောက် ရဲ့ အကြောင်းကို ကြားခဲ့ရတယ်။ အဖိုးကြီးက သူ့သမီးအတွက် စာအုပ်ဝယ်တယ်။ "ဒီစာအုပ်ထဲမှာ ဖိုမ ကိစ္စတွေ ဘာတွေ တော့ မပါ ပါဘူးနော်" လို့ မရဲတရဲနဲ့ မေးသတဲ့။ ဒီတော့ စာအုပ်ရောင်းတဲ့ အမျိုး သမီးက " မပါ ပါဘူးရှင်၊ ဒါက အချစ်ဝတ္ထုပါ" လို့ ဖြေသတဲ့။ ဒီပုံပြင်လေးဟာ ရယ်စရာ ပုံပြင်ကလေး ဖြစ်ပေမယ့် လေးနက်တဲ့ ပြတ်လုံးကလေး ဖြစ်ပါတယ်။ ပြတ်လုံးများ ထုံးစံအတိုင်း အမှန်တရားကို အကျယ်ချဲ့ပြီး ပြောထားတာပါ။

အချစ်ဝတ္ထုတိုင်းမှာ ဖို-မနဲ့ ပတ်သတ်တဲ့ အကြောင်းတွေ အများ ကြီး ပါကြတယ်။ ဒါပေမယ့် လူ့အချစ်ရဲ့ ထူးခြားချက် ကတော့ အလွန်ရိုးစင်းတဲ့ ပကတိ စိတ်တစ်ခု ဖြစ်တဲ့ သွေးသား ဆန္ဒကို အလွန် လှပဆန်းကြယ် ရှုပ်ထွေးတဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှု အဆောက်အအုံကြီး အ ဖြစ် ဆောက်လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

သွေးသားဆန္ဒဆိုတာ ခဏပဲ သက်တမ်းရှိပါတယ်။ ဒီလောက်သက်တမ်းတိုလှတဲ့ သွေးသား ဆန္ဒက ပေါ်နေပြီး၊ ဒီလောက်ပြောင်းလဲလွယ်တဲ့ ပကိတိ စိတ်ထဲကနေပြီး လူဟာ ဒီလောက် သန့်စင်ပြီး ဒီလောက် ကြာရှည်တဲ့ အချစ်ဆိုတဲ့ ခံစားချက်ကို ဘယ်လိုလုပ် ပေါ်ပေါက်လာအောင် လုပ်နိုင်သလဲ၊ အဲဒီ သွေးသားဆန္ဒကို ဘယ်လိုလုပ်ပြီး သန့်စင် မွန်မြတ်လာအောင် လုပ်နိုင်မှာ လဲ။

ချစ်ခြင်းအနုပညာ အကြောင်းကို နားလည်ချင်ရင် ဒီပြဿနာကို ဖြေရှင်းရလိမ့်မယ်။

ဒါပေမယ့် ပြဿနာကို မဖြေရှင်းခင် မဏာမ မေးခွန်းတွေ ကိုတော့ ဖြေကြရလိမ့်ဦးမယ်။

ယောကျ်ား မိန်းမ ထောင်ပေါင်းများ စွာ တို့ဟာ နေ့စဉ်နဲ့ အမျှတွေ့ဆုံနေကြတယ်။ ဒီလို တွေ ့ကဆုံနေကြတဲ့အထဲမှာ တစ်ယောက်ကိုတော့မချစ်မိဘဲ ဘာ ဖြစ်လို့

တခြား တစ်ယောက် ကိုတော့ သွားချစ်မိရသလဲ။ တစ်ယောက် ကိုတော့ စိတ်တမဝင်စားဘဲ ဘာ ဖြစ်လို့ တခြား တစ်ယောက် ကို သွားပြီး စိတ်ဝင်စားရတာ လဲ။

ဒီအမေးကို ဖြေစရာ နှစ် ခုရှိတယ်။ အဖြေနှစ် ခုစလုံးမှာ အမှန်တွေ တော့ ပါနေတယ်။

ပထမ အဖြေက ဒီလို။

ကျွန်တော် တို့ရဲ့ ဘဝ အချို့ သော အရွယ်တွေ မှာ အထူးသဖြင့် ကြီးကောင်ဝင်စ အရွယ်နဲ့ အသက် ငါးဆယ်နား ရောက်တဲ့အရွယ်တွေ မှာ ချစ်ခြင်းကို တောင့်တလာတတ်ကြတယ်။ သယ်သူ့ကို ချစ်တယ်ရယ်လိုတော့ မဟုတ်ဘူး။ ဒါပေမယ့် ထွေပြားတဲ့ ခံစားချက်မျိုး ပါ။ တစ်စုံတစ်ခုကို မျှော်လင့်ပြီး ကြည်နူးနေတတ်တဲ့ စိတ်မျိုး ပါ။ ဒီလို အချိန်မျိုး မှာ လူ တစ်ယောက် ဟာ သူ့စိတ်ကူးထဲက မိုးနတ်မယ်လို လှတဲ့ မိန်းကလေးတွေ ကို အစွဲအလမ်းကြီး စွဲလမ်းနေတတ်တယ်။ စိတ်ကူးထဲက မိန်းကလေးလို့ ပြောရတာ က တခြားကြောင့် မဟုတ်ဘူး။ တကယ့် မိန်းကလေးမှ မတွေ့သေးဘဲကိုး။ မိန်းမငယ်လေး တစ်ယောက် ဟာ ဝတ္ထုထဲက ဇာတ်လိုက်တွေ ၊ နာမည် ကျော် ရုပ်ရှင်မင်းသားတွေ ၊ အင်္ဂလိပ်စာ ပါမောက္ခတွေ ကို ကြိုက်ရင် ကြိုက်နေတတ်တယ်။ အချစ်ကို လှုံ့ဆော်ပေးတဲ့ ဆေးတွေ ထဲမှာ ငယ်ရွယ်နုပျိုခြင်း ဆိုတဲ့ ဆေး ကတော့အာနိသင် အထက်ဆုံးပါပဲ။ နုပျိုခြင်းဆိုတဲ့ နတ်သုဒ္ဓါရည်ကို သောက်ပြီးတာနဲက မိန်းမတိုင်းဟာ ဟယ်လင်မင်းသမီးလို လှနေတော့တာပဲလို့ ဂါထေးက ရေး ခဲ့ဖူးပါတယ်။ ချစ်သူလောင်း အလာကို စိုးရိမ်တကြီး စောင့်မျှော်ရင်းနဲ့ ပထမဆုံးတွေ တဲက နှစ် လိုစဖွယ် မိန်းကလေးဟာ သူ့အချစ်ကို နိူးပေးလိုက်သူ ဖြစ်လာတော့တာပါပဲ။

မိန်းကလေးနဲ့ ယောကျာ်းလေး တွေ့ဆုံရတဲ့ အခြေအနေဟာလည်း အရေး ကြီးတဲ့ အခန်းက ပါတတ်ပါတယ်။ မိမိတို့ရဲ့ ခံစားချက်များ ၊ တောင့်တမှု များ ကို ဖော်ထုတ်ဖို့ ဝန်လေးတဲ့ ရှက်ကြောက်တတ်သူများ ကျတော့လည်း အခြေအနေပေးလို့ တစ်ယောက် နဲ့ တစ်ယောက် ရင်းနှီးလာခဲ့ကြတာမျိုး လည်း ရှိတယ်။ မိန်းကလေးတွေ ရဲ့ အမြင်မှာ ယောကျာ်းလေး တစ်ယောက် ရဲ့ ဂုဏ်သိက္ခာ၊ ကျော်စောမှု စသည်တို့ဟာ အဲဒီ

ယောကျ်ားလေးရဲ့ ဘေးပတ်လည်မှာ မြူမှုန်တွေ ဝိုင်းသလို ဝိုင်းနေတတ်ပြီး သူ့အပြစ်တွေကို ဖုံးကွယ်ပေးထားတတ်တယ်။ လေယဉ်မှူး တစ်ယောက်၊ ဇာတ်လိုက်မင်းသား တစ်ယောက်၊ ဘောလုံးသမား တစ်ယောက်၊ စကားအပြောကောင်း တစ်ယောက် ရဲ့ အောင်မြင်ကျော်ကြားမှု က အချစ်ဇာတ်လမ်း တစ်ပုဒ်ကို မွေးဖွားပေးရာမှာ အဓိက လက်သည်တွေ ပဲ။ လူချင်း တွေ့ခွင့်ကြုံကြတဲ့ အခါမှာ ခံစားမှု ချင်း တူညီကြတယ်လို့လည်း တစ်ယောက် နဲ့ တစ်ယောက် ထင်သွားတတ်ကြတယ်။ တစ်ယောက် နဲ့ တစ်ယောက် တွေ့ပြ ကတော့ ကြားလူရဲ့ စကားကိုလည်း ကြားပြီးသား ဖြစ်နေကြတဲ့အတွက် အကြည့်နှစ် ခုဟာ ဆုံမိကြတယ်။ တစ်ယောက် ခံစားချက်ကို အပြန်အလှန် ဖော်ပြကြတယ်။ မော်တော် ကား အတူစီးလာကြတော့ ကားက ချိုင့်တစ်ခုထဲကို ကျသွားတယ်။ လက်ချင်း ထိမိကြတယ်။ မရည်ရွယ်ဘဲ ထိမိသွားကြတယ်။ ဒီလောက်ဆိုရင် လုံလောက်သွားပြီပေါ့။ တစ်ယောက် နဲ့ တစ်ယောက် အသွင်တူတာ မတူတာတွေ အပထား။ အ ဖြစ်အပျက်တွေ ကြောင့် ချစ်သူနှစ် ယောက် က ဆုံမိသွားကြတယ်။ (အခြေအနေ ဖန်တီးလို့ ချစ်သူ ဖြစ်သွားကြတယ်ပေါ့။)

ဒုတိယ အဖြေက ဒီလို။

ဒီအဖြေ ကတော့ ပထမအ ဖြစ်နဲ့ ပြောင်းပြန်ပဲ။ ဒီအချစ်မျိုး ကတော့ လျှပ်တပြက် အချစ်လို့ ခေါ်နိုင်တယ်။ မြင်မြင်ချင်း ချစ်မိတာမျိုး လည်း ခေါ်နိုင်တယ်။ တစ်နည်း ပြောရမယ်ဆိုရင် နဖူးစာ ပါလာလို့ ရေးက ရေစက်ပါလာလို့ ချစ်မိတာမျိုး လို့လည်း ပြောလို့ရတယ်။ ခေါ်မဒဏ္ဍာရီ ပုံပြင် တစ်ခုရှိတယ်။ ဒီပုံပြင်အရ လူဆိုတာ မိန်းမနဲ့ ယောကျ်ားပေါင်းစပ်ထားတဲ့ သတ္တဝါလို့ ဆိုတယ်။ နောက်တော့ ဘုရားသခင်က သူတို့နှစ် ယောက် ကို ခွဲပစ်လိုက်တဲ့အတွက် မိန်းမနဲ့ ယောကျ်ားဟာ တစ်ယောက် ကို တစ်ယောက် အမြဲတမ်း လိုက်လံ ရှာဖွေနေကြတယ်လို့ ဆိုတယ်။ ဒီလို ထာဝရ ဘုရားက ဖန်ဆင်းပြီး ခွဲခြားပစ်လိုက်တဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်း နှစ် ခုဟာ တစ်ခုနဲ့ တစ်ခု ပြန်လည်တွေ့ဆုံကြတာနဲ့ တစ်ပြိုင်နက် အလွန် ပြင်းထန်အားကောင်းပြီး အလွန် ချိုမြိန်တဲ့ ဆက်သွယ်မှု ကြောင့် သူတို့နှစ် ခုဟာ တစ်ခုနဲ့ တစ်ခု သွေးသား တော် စပ်ကြတယ် ဆိုတာကို သိသွားကြသတဲ့။ အဲဒီ ပုံပြင်အရ ကျွန်တော် တို့ ကိုယ်တွင်းမှာ တစ်စုံတစ်ခုသော လုပတဲ့

အရည်အချင်းကို လုက်လံ ရှာဖွေနေတယ်တဲ့။ ဒါကြောင့်ိ ့ ယောကျ်ားကလေးဟာ လှပတဲ့ မိန်းကလေးကို တွေ့ ့ရင် လူပျိုပေါက်ဘ၀က စိတ်ကူး အိမ်မက်ထဲက မျှော်မှန်းခဲ့တဲ့ နတ်မိမယ်လို မိန်းကလေးမျိုး တွေ့ ့သွာရင် သူ့အပေါ်မှာ တိမ်းညွှန်သွားပြီး ချစ်ခင်နှစ်သက်ခြင်း ဖြစ်ပေါ်လာတာ ဖြစ်တယ်တဲ့။

တစ်ချို့ လူတွေ ရှိတယ်။ သူတို့ ရုပ်ရည်ဟ ရူပအားဖြင့်လည်း နှစ်သက်စွဲလမ်းဖွယ် ကောင်းတယ်။ နူတ်အားဖြင့် လည်း ချစ်ခင်နှစ် လိုဖွယ်သော စကားကို ဆိုတတ်တယ်။ အဲဒီ လို ကာယကံအားဖြင့်လည်း လှ၊ ၀စီကံအားဖြင့် လည်း လှတဲ့ သူမျိုး ကို ဆိုရင် သူ့အပေါ်မှာ အပြစ်ရယ်လို့ လုံး၀ မမြင်တော့ဘဲ နှစ်သက် လာလေလေ ဖြစ်တတ်တယ်။ သူတို့ နူတ်ဖျားက ထွက်လာတဲ့ အသံဟာ ဂီတသံလို သာယာ ငြိမ့်ညောင်းတယ်။ သူတို့ ရဲ့ စကားဟာ ကဗျာတစ်ပုဒ်လို လှပနေတယ်။ လူ တစ်ယောက် ကို ချွင်းချက်မရှိ လုံး၀ဉဿုံ ပုံပြီး ချစ်ရ မြတ်နိုးရတာ ဟာ အလွန်ကြီးကျယ်တဲ့ သုခ ဖြစ်ပါတယ်။ ကိုယ့်ချစ်သူရဲ့ အဆင်းနဲ့ အချင်း၊ ခန္ဓာကိုယ် အလှနဲ့ စိတ်အလှကို မြတ်နိုးမှု အပေါ်မှာ အခြေခံ တည်ဆောက်ထားတဲ့ အချစ်ဟာ အလွန်ထက်သန်တဲ့ ပီတိကို ဖြစ်စေပါသတဲ့။ ( ဒါက နဖူးစာပါလို့ ရေးစက်ပါလို့ တွေ့ ့ကြတာမျိုး ပါ)

ဒါပေမယ့် လောကမှာ ဒီလို အခြေအနေလည်း မပေး၊ ရေးစက်လည်း မပါဘဲနှင့် တစ်ယောက် ကို တစ်ယောက် ဘ၀ကြင်ဖော်အ ဖြစ် ရွေးချယ်ခဲ့ကြတာလည်း ရှိပါတယ်။ အဲဒီ လို လူမျိုး တွေ အတွက် ချစ်ခြင်းအနုပညာဟာ ဘယ်လောက်အကူအညီ ပေးနိုင်သလဲ။ ဘယ်လို လမ်းညွှန်မှု တွေ မျး ပြုလုပ်နိုင်ပါလဲလို့ မေးစရာ ရှိတယ်။ စိတ်သဘော ဖြောင့်မှန်တာ၊ စိတ်ရှည်တာ။ အထူးသဖြင့် ကြည်လင်ရွှင်ပျတဲ့ စိတ်သဘော ရှိတာတို့ဟာ ပျော်ရွှင်ချမ်းမြေ့မှု ကို လိုက်လံ ရှာဖွေရာမှာ အလွန်အဖိုးတန်တဲ့ အရည်အချင်းတွေ ဖြစ်တယ်။ အမြဲတမ်း မဟုတ်သည့်တိုင် အများ အားဖြင့် တော့ ဒီအရည်အချင်းများ ဟာ ကျန်းမာတဲ့ စိတ်ထားနဲ့ ကျန်းမာတဲ့ ခန္ဓာက ပေါ်ထွက်လာခြင်း ဖြစ်တယ်။ ဒါကြောင့် မို့ တစ်ဦးနဲ့ တစ်ဦး ဖူးစာဖက် ရွေးကြတော့မယ်ဆိုရင် သက်ဆိုင်ရာ မိသားစုများ ၊ မိဘများ ဟာ ဒီအချက်ကို အလေးထား စဥ်းစားသင့်တယ်။ ပျော်ရွှင်ချမ်းမြေ့မှု

ဆိုတာ ပျော်ရွှင်ချမ်းမြေ့မှု ရှိရာ အရပ်မှာ ပဲ ကြီးထွားနိုင်တယ်။ အောင်အီး ချုပ်ချယ်မှု တွေ ၊ စိတ်ညစ်စရာတွေ များ တဲ့ ပတ်ဝန်းကျင်မှာ အချစ်ဟာ ချက်ချင်း ညှိုး နွမ်း သွေခြောက်သွားမှာ ပဲ။

မိန်းမတွေ ဟာ အားကောင်းပြီး ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားတွေ နဲ့ နေရတာ ကို ပျော်ကြတယ်။ ယောကျ်ားတွေ ကတော့ ချစ်ခင်ယုယတတ်ပြီး ကိုယ့်နောက်ကို ဖဝါးခြေထပ် လိုက်ချင်တဲ့ မိန်းမတွေ နဲ့ နေရတာ ကို ပျော်တတ်ကြပါတယ်။ တော် တော် ငယ်တဲ့ မိန်းမပျိုကလေးတွေ ကတော့ ကိုယ့်လွှမ်းမိုးချုပ်ကိုင်လို့ ရတဲ့ ယောကျ်ားမျိုး နဲ့ မှ လက်ထပ်ချင်တယ်လို့ ပြောလေ့ရှိတယ်။

ကျွန်တော် တွေ့ဖူးသမျှကို ပြောရရင်တော့ သတ္တိနဲ့ ကျန်းမာသန်စွမ်းမှု ကြောင့် ယောကျ်ား တစ်ယောက် ကို ချစ်ခဲ့မိတဲ့ မိန်းမတွေ ဟာ ပျော်ရွှင်ချမ်းမြေ့မှု ကို ရကြတာ များ တယ်။ အခြားအကြောင်းကြောင့် ယောကျ်ား တစ်ယောက် ကို ချစ်ခဲ့မိတဲ့ မိန်းမတွေ ထဲမှာ ပျော်ရွှင် ချမ်းမြေ့မှု ကို တကယ်ရတဲ့ မိန်းမဆိုလို့ မတွေ့ဖူးသလောက်ပါပဲ။ အလားတူပဲ နှုတ်ကြမ်းလျှာကြမ်း၊ ကြမ်းတမ်းခက်ထရော်တဲ့ မိန်းမ တစ်ယောက် ကို ရလို့ ပျော်ရွှင်ချမ်းမြေ့မှု ကို ရတဲ့ ယောကျ်ားကိုလည်း ကျွန်တော် တစ်ခါမှ မတွေ့ဖူးသလောက်ပါပဲ။

မိန်းမ တစ်ယောက် နဲ့ ယောကျ်ား တစ်ယောက် ဟာ တစ်ခါနှစ် ခါ တွေ့ဖူးရုံနဲ့ တစ်ယောက် ကို တစ်ယောက် ဘဝကြင်ဖော်အ ဖြစ် ဆုံးဖြတ် ရွေးချယ်ဖို့ ကိစ္စဟာ တော်တော် ခက်ပါတယ်။ ဒီနေရာမှာ တော့ အသိဉာဏ်နဲ့ စဉ်းစားတာထက် ပကတိ စိတ်နဲ့ဆုံးဖြတ်တာဟာ ပိုတောင်ကောင်းလိမ့်မယ် ထင်ပါတယ်။ သူ့ကို ချစ်ရမလားလို့ မေးခွန်းထုတ်ဖို့ မသင့်ပါဘူး။ ချစ်တယ်မချစ်ဘူးဆိုတာ မေးခွန်းထုတ်ဖို့ မလိုဘဲ ကိုယ့်ရင်ထဲက အလိုလို သိရမယ့်ကိစ္စ ဖြစ်ပါတယ်။ အခြားသော အရာများ မွေးဖွားလာသလိုပဲ အချစ်ဟာလည်း သဘာဝလျောက် အလိုလို မွေးဖွားလာဖြင်း ဖြစ်ပါတယ်။ ချစ်ခြင်းအနုပညာကို နောက်မှ လေ့ကျင့်ယူရတာ ပါ။ လောလောဆယ် မှာ တော့ အနုပညာသည်ဟာ သူ့ရဲ့ ကုန်ကြမ်းပစ္စည်းတွေ ကို ဘယ်အချိန်မှာ စတင်ပုံဖော်သလဲဆိုတဲ့ အချက်ကို အရင်ရှာဖွေ ကြည့်ချင်ပါတယ်။

သူရဲ့ (De L'Amour) ဆိုတဲ့ ဝတ္ထုထဲမှာ စတဲင်ဒယ်က အချစ်ဆိုတဲ့ ခံစားမှု မွေးဖွားပေါ်ပေါက်လာပုံကို နှစ်သက် စဖွယ် ရေး ဖွဲ့ထားခဲ့ပါတယ်။ သူဖော်ပြထားတဲ့ အရေး ကြီးတဲ့ အချက်တွေ ကို ပထမ ထောက်ပြချင်ပါတယ်။ နောက်ပြီးတော့မှ ကျွန်တော် ဘယ်လို မြင်တယ်ဆိုတာကို ထပ်ပြောပါ့မယ်။

အချစ်ဟူသမျှက အထင်ကြီး မြတ်နိုးခြင်း အရှိန်အဟုန်ကြီးစွာ ဖြစ်ရာက ပေါ်ထွက်လာခြင်း ဖြစ်တယ်။ ဒါမှ မဟုတ်ရင်လည်း သနားကရုဏာကို ဖြစ်စေတဲ့၊ တောင့်တမှု ကို ဖြစ်စေတဲ့ အ ဖြစ်အပျက် တစ်ခု အရှိန်အဟုန်ကြီးစွာ ဖြစ်ရာက ပေါ်ပေါက်လာခြင်း ဖြစ်တယ်။ တော် စတွိုင်းရဲ့ "အင်နာကရီးနီးနားဟာ တော် တော် ချောတာပဲ၊ ငါ့ကို ဘာအဓိပ္ပာယ်နဲ့ ကြည့်သွားတာပါလိမ့်" လို့ တစိမ့်စိမ့်တွေ းလာတယ်။ " ယူဂျင်း ဂရင်းဒက်" ဝတ္ထုထဲမှာ ချားလ် ဂရင်းဒက်ဟာ တစ်ဖက်သတ် ခံစားနေရတဲ့ စိတ်ကူးယဉ် ဇာတ်ဆောင် တစ်ယောက် အ ဖြစ် တစ်ညနေမှာ ဇာတ်လိုက်မင်းမီးရဲ့ ဘဝထဲကို ဝင်ရောက် လာခဲ့တယ်။ အဲဒီ အချိန်က စပြီး သူမဟာ ချားလ် ဂရင်းဒက်ကို ဘဝတစ်လျှောက်လုံးလုံး စွဲစွဲမြဲမြဲ ချစ်သွားတော့တာပဲ။

အားကြီးတဲ့ အ ဖြစ်အပျက် တစ်ခုကြောင့် မိန်းကလေး တစ်ယောက် ရဲ့ အပေါ်မှာ အာရုံစူးစိုက်မိသွားပြီ ဆိုတာနဲ့ တစ်ပြိုင်နက် အဲဒီ မိန်းကလေးကို မတွေ့ရ၊ မမြင်ရလေလေ တွေ့ချင်မြင်ချင်ဇောတွေ ဖြစ်လာပြီး၊ အချစ်ဟာလည်း ပိုလို့ အားကောင်းလာပါတယ်။ မိန်းမတို့ရဲ့ ခွန်အားဟာ အခြားမဟုတ်၊ နောက်ကျရောက်လာခြင်း သို့မဟုတ် အလှမ်းကွာဝေးခြင်းပဲ ဖြစ်တယ် လို့ ဒဿ နိကဗေဒကို ချက်ချင်း ဖော်ပြလိုက်သလို ဖြစ်နေတယ်။ ဝေးကွာနေခြင်းဟာ ကျွန်တော် တို့ လူပျိုပေါက် အရွယ်တုန်းက စိတ်ကူး အိမ်မက်ထဲမှာ ရှိတဲ့ နတ်မိမယ်ကလေး တစ်ပါး ဖြစ်သွားစေတယ်။ စတဲင်ဒယ်က ဒီလို ဖြစ်စဉ်လိုမျိုး ကို " ပုံဆောင်ခဲ အသွင်ဆောင်ခြင်း" လို့ ခေါ်ခဲ့တယ်။ သူက ဝေးကွာနေတဲ့ မိန်းကလေးကို သစ်သားစကလေး တစ်ခုနဲ့ နှိုင်းတယ်။ အဲဒီ သစ်သားစကလေးဟာ ဆားတွင်းကြီးထဲကို ရပ်ပေါင်းများ စွာ ကျသွားတော့ တောက်ပတဲ့ ပုံဆောင်ခဲတွေ ဖုံးလွှမ်းသွားပြီး ကျောက်မျက်ရတနာ တစ်ခုနဲ့က တူသွားတယ်လို့

ပြောခဲ့ပါတယ်။

အဲဒီ လို ပုံဆောင်ခဲ အသွင်ဆောင်တဲ့ ဖြစ်စဉ်လွန်မြောက်သွားတဲ့ နောက်မှာ ဖြင့် ကိုယ့်ချစ်သူက ကွဲပြားခြားနားတဲ့ လူ တစ်ယောက် ဖြစ်သွားပြီး အဆင့်မြင့်တဲ့ သာလွန်တဲ့ လူ တစ်ယောက် လည်း ဖြစ်သွားတယ်လို့ သူက ပြောခဲ့ပါတယ်။ ဒါကြောင့် ပရစ်ကအချစ်ဆိုတာ ဆန္ဒဆန်တယ်တဲ့။ ကျွန်တော် တို့ဟာ ဖန်တီးထားတဲ့ သူတွေ ကို ချစ်နေကြခြင်းသာ ဖြစ်တယ်လို့ ပြောခဲ့တယ်။ အလှတရားဆိုတာ ကြည့်သူရဲ့ မျက်လုံးပေါ်မှာ တည်တဲ့ စကားလိုပေါ့။ (ကိုယ်ထင် ကုတင်ရွှေနန်းပေါ့။)

ပုံဆောင်ခဲ အသွင်ဆောင်မှု ဖြစ်စဉ် ပြီးတဲ့နောက်မှာ ဒုတိယအကြိမ် တွေ့တဲ့ အခါမှာ တော့ ကျွန်တော် တို့အဖို့ အချစ်တွေ ပျက်ပြယ်မှာ ကို စိုးရိမ်စရာ မလိုတော့ပါဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ ကိုယ်က ခံစားချက်တွေ ကို ပြည့်နေတော့ တကယ်ချစ်သူကို မမြင်နိုင်တော့ဘူး။ ကိုယ့်ချစ်သူဟာ ကိုယ့်ရှေ့မှာ ရပ်နေမယ်။ ကိုယ်နဲ့ မျက်နှာချင်းဆိုင်ပြီး စကားပြောချင် ပြောနေမယ်။ ဒါပေမယ့် အဲဒီ အခါမှ လူအစစ်ကို မမြင်တော့ဘဲ ပုံဆောင်ခဲအသွင်ကို မြင်နေရလို့ပဲ။ ကိုယ့်ချစ်သူက ကိုယ့်ကို စကားတွေ ပြောနေပေမယ့် သူလိုကိုယ်လို စကားလို့ မထင်ထားတော့ဘူးတဲ့။ ကိုယ့်ချစ်သူက စဉ်းစားဉာဏ် ကင်းမဲ့နေရင်လည်း စဉ်းစားဉာဏ် ကင်းတယ်လို့ မထင်တော့ဘူးတဲ့။ ဘာ ဖြစ်လို့လဲဆိုတော့ အဲဒီ ပီတိကို ဖြစ်တေတဲ့အကြောင်းရင်း ဇစ်မြစ်ဟာ ကိုယ့်ရင်ထဲ၊ အသည်းနှလုံးထဲကို ရောက်နေလို့ပါပဲ။

ဒီလို ဖြစ်နေတုန်းမှာ တော့ အချစ်ဟာ ပျော်ရွှင်မှု ကို ယူဆောင်လာခဲ့သလိုပေါ့။ တခြား ဘာကိုမှ မမြင်နိုင်ကြတော့ဘူးပေါ့။ ဒါပေမယ့် မီးတောက်တစ်ခုဟာ လောင်စာမရှိဘဲ မတောက်နိုင်ဘူး။ မျှော်လင့်ချက်ဆိုတဲ့ လေပြေလေညှင်း မရှိခဲ့ရင် အဲဒီ မီးတောက်ဟာ ငြိမ်းသွားမှာ ပဲ။

ချစ်သူဟာ အားတက်စရာ အရိပ်အယောင်ကို မြရရင်၊ အားမတက်ဘဲ မနေနိုင်ဘူး၊ အားတက်ရတယ်။ ကြည်နူးရတယ်။ ကိုယ့် ချစ်သူကတစ်ချက် လှမ်းကြည့်လိုက်တာ၊ ချစ်သူ့လက်ကလေးနဲ့ ထိလိုက်ရတာ ၊ ကိုင်လိုက်ရတာ ၊ အားတက်စရာ

အဖြေကို ကြားလိုက်ရတာ တွေ ဟာ ချက်ချင်း အကျိုး ထူးစေပါတယ်။

ဒီလို အရိပ်အယောင်တွေ ဟာ ချစ်သူဆီ၊ မိန်းကလေးဆီက ဆက်တိုက် လာနေပြီ၊ ထင်ထင်ရှားရှား ပြုပြီဆိုရင်တော့ အပြန်အလှန် မေတ္တာသက်ဝင်ကြပြီ ဆိုတဲ့ သဘောကို ဆောင်လာပြီပေါ့။ အဲဒီ အချိန်မှာ တော့ သည့်ထက် ပျော်ရွှင်မှု ဆိုလို့ ဘယ်ရှိတော့မှာ လဲ။ ဒါပေမယ့် လုံခြုံမှု ကို သိပ်ပြီး အသားပေးလွန်းရင် အဲဒီ ပျော်ရွှင်မှု လေးဟာလည်း ပျက်စီးသွားတတ်ပါတယ်။

လူတော် တော် များများ မှာ ဖြစ်လေ့ရှိတာကသမီးရည်းစား ဖြစ်ခါစ၊ ချစ်ဦးသူ ဖြစ်ခါစမှာ တစ်ယောက် နဲ့ တစ်ယောက် သံသယ ရှိနေတတ်ကြ ပါသေးတယ်။ ရွေးထွေးလိုက်၊ အေးစက်လိုက်၊ အားတက်စရာ တွေ့လိုက်၊ စိတ်ပျက်စရာ တွေ့လိုက်နဲ့ တစ်လှည့်စီ ကြုံတတ်ကြပါတယ်။ ဒီလို ဖြစ်ကြရတာ က တစ်ယောက် နဲ့ တစ်ယောက် မချစ်ကြလို့ မဟုတ်ပါဘူး။ ဒီလို ဖြစ်ရတာ ဟာ တစ်ယောက် နဲ့က တစ်ယောက် ရှက်ကြောက်နေကြလို့၊ တစ်ယောက် နဲ့ တစ်ယောက် ဏ္ဍခြေတွေ ၊ သိက္ခာတွေ ဆယ်နေကြလို့သာ ဖြစ်ပါတယ်။

ချစ်သူတွေ ဟာ အသေးစိတ်ကလေးတွေ ကို ကြည့်တတ်ကြပါတယ်။ မြင်လည်း မြင်တတ်ကြပါတယ်။ ခေါင်းကိုက်လို့၊ ခါးပတ်က ကျပ်နေလို့၊ ခြေအိတ်က ပေါက်နေလို့၊ မကြည်မစာ ဖြစ်တာမျိုး ကလေးတွေ ကိုမြင်ပြီး အဲဒါကလေးတွေ ဟာ မကောင်းတဲ့ အတိတ်နမိတ်လို့ ထင်ချင်ထင်တတ်ကြပါတယ်။ ဘာမဟုတ်တဲ့ အသေးအဖွဲ့ကလေး တစ်ခုဟာ ချစ်သူ တစ်ယောက် အဖို့ အကြီးအကျယ် စိတ်ညစ်စရာကြီး ဖြစ်ချင် ဖြစ်နေတတ်ပါတယ်။ ချစ်သူဟာ အကြည့်တွေ ၊ စကားလုံးတွေ ၊ အမူအရာတွေ ကိုခွဲခြားစိတ်ဖြာကြည့်တယ်။ အဲဒီ အရာတွေ နဲ့ နောက်ကွယ်မှာ ရှိတဲ့ အဓိပ္ပာယ်ကို လိုက်ရှာတယ်။ ကိုယ့်ချစ်သူကိုယ့်အပေါ်မှာ ခပ်စိမ်းစိမ်း ဆက်ဆံလာလို့ ရှိရင် ကိုယ့်မှာ ဘာများ အမှား ရှိလေမလဲလို့ ကိုယ့်ဘာသာကိုယ် ပြန်စီစစ်တယ်။ ဒါတွေ ကို အကြောင်းရှာ မရလေလေ (အကြောင်းရှာလို့လည်း ဘယ်ရပါ့မလဲ၊ အကြောင်းက တကယ်မှ မရှိတာ) သူချစ်တဲ့ မိန်းကလေးအကြောင်းကို ပိုပြီး စဉ်းစားလာလေလေ၊ သူ့အချစ်ဟာလည်း

သူ့ရင်တွင်းမှာ နက်ရှိုင်းလေးနက်လာလေလေ ဖြစ်လာတော့တာပဲ။ စိုးရိမ်စိတ်က ပေါက်ဖွားလာတဲ့ အချစ်ဟာ နှုတ်လိုက်တိုင်း အသားထဲကို စူးဝင်သွားတဲ့ ဆူးတစ်ချောင်းနဲ့ အလားသဏ္ဍာန် တူတယ်။

သည်အမြင်နဲ့ ပြောရရင် မိန်းမတို့ရဲ့ အနုဘာဝ တစ်နည်းပြောရရင် ကလူ၏ သို့မြူ၏ လုပ်တာမျိုး တွေ ၊ ငါးမျှားကြိုး ကို လျှော့ချည်တင်းချည် လုပ်တာမျိုး တွေ ဟာ အချစ်ကို နိုးကြားနေအောင်၊ ရှင်သန်နေအောင် လုပ်တဲ့ မာယာ အရိယာယ်တွေ လို့ ထင်စရာပါပဲ။ လျှော့ပေးလိုက်၊ ပြန်ဆွဲလိုက် လုပ်နေတဲ့ သိုးမွေးလုံးကလေး တစ်လုံးကို ခုန်ပြီး လိုက်ဖမ်းနေတဲ့ ကြောင်ကလေး တစ်ကောင်လို ကျွန်တော် တို့ သားကောင်တွေ (လူတွေ ) ဟာလည်း မာယာများ တဲ့ မိန်းမတွေ ရဲ့ အချော့အမြူတွေ ကို သဘောကျကြတယ်။ လူဆိုတာ ရတာ ကို မလိုချင်၊ မရတာ ကို လိုချင်တတ်တဲ့ သဘာဝ ရှိတယ်မဟုတ်မလား။ ဒီတော့ မိန်းမတို့ရဲက မယာတွေ ကို သဘောကျတာဟာလည်း မဆန်းပေဘူးပေါ့။။။

ဒါပေမယ့် မာယာ ပရိယာယ်ကို ကြာရှည် ကျင့်သုံးခြင်းဟာ အချစ်ကို ပျက်စီးစေပါတယ်။

ကျွန်တော် တို့ သမိုင်းမှာ မာယာ ကြွယ်ဝလွန်းလှတယ်လို့ နာမည် ကြီးတဲ့ မဒမ်ရေကာမီယာ ဘင်ဂျမင် ကွန်စတင်ကို ဖြားယောင်းသိမ်းသွင်းတယ်။ ကွန်စတင်ဟာ ကလေးငယ် တစ်ယောက် လို ဖြစ်ခဲ့ရတယ်။ သူဟာ ငါ့ကို တကယ်ချစ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့ကိုတော့ နည်းနည်း ပါးပါး သဘောကျဟန် တူရဲ့ လို့ သူတွေ းတယ်။ မဒမ် ရေကာမီယဟာသူ့ကို ကလေးလေး တစ်ယောက် လို ကစားနေတယ် ဆိုတာကို တွေ ့လာရတဲ့အခါမှာ ဘင်ဂျမင်ကွန်စတင်ဟာ အကြီးအကျယ် စိတ်ဆင်းရဲရတယ်။ ငါဟာ ဒီလောက် မာယာများ တဲ့မိန်းမကို တစ်ခါမှ မတွေ ့ဖူးသေးဘူး။ ကြည့်စမ်း၊ သင်းတို့ဟာ စက်ဆုပ်ဖွယ် သတ္တဝါတွေ ပါလား။ ငါသူ့ကို မုန်းတယ်လို့ သူသတိရလာတယ်။ အဲဒါနဲ့ အတူ ပုံဆောင်ခဲ အသွင်ဟာလည်း အရည်ပျော်ကျသွားပြီ။ သူဟာ ငှက်ဦးနှောက်သာ ရှိပြီး ဘာမှ မှတ်ဉာဏ်မရှိတဲ့ မိန်းမ၊ သတိမရတတ်တဲ့ မိန်းမလို့ သိသွားခဲ့တယ်။ ဒီနည်းအားဖြင့် မာယာများ တဲ့ မိန်းမတွေ ဟာ မာယာတွေ ကို အလွန်အကျွံ

သုံးမိပြီးဒုက္ခရောက်သွားတတ်ကြပါတယ်။ "လူ့လောက ဆန့်ကျင်ရေး သမား" ဆိုတဲ့ ပြဇာတ်ထဲမှာ ဆေလီမင်နေဟာ သူ့အလှနဲက သူ့အပြောကလေးတွေ ကို စွဲမက်ခဲ့တဲ့ ယောကျ်ားတွေ အားလုံးက နောက်ဆုံးမှာ သူ့ကို စွန့်ပစ်တာ ခံခဲ့ရတယ် မဟုတ်လား။

ခွဲစိတ်စားပွဲပေါ်မှာ ရောက်နေတဲ့ လူမမာ တစ်ယောက် ရဲ့ အဆုတ်ထဲကို အောက်ဆီဂျင်နဲ့ ဓာတ်ငွေ့တွေ တစ်လှည့်စီ သွင်းပေးနေရတဲ့ ဆရာဝန် တစ်ယောက် လို မာယာများ တဲ့ မိန်းမ တစ်ယောက် က အသက် ၇၀ ရွယ် အဘိုးအို တစ်ယောက် ကို မာယာပရိယာယ်တွေ နဲ့ သွားပြီး မြူဆွယ်တယ်ဆိုရင် အဲဒီ အဘိုးအိုဟာလည်း ရဟန္တာနိပ္ပါန်မို့ ခံနိုင်မှာ တဲ့လား။ ကျွေသွားမှာ ပဲ။ ဒါပေမယ့် အဲဒီ ရက်စက်တဲ့ ကစားနည်းကို ကစားသင့်ပါသလား။ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် တို့ ယောကျ်ားတွေ ထဲက စိတ်ဓာတ် အခိုင်ဆုံးဆိုတဲ့ လူတွေ ဟာ ချစ်လို့ပဲ ဖြစ်စေ၊ သနားကြင်နာလို့ပဲ ဖြစ်စေ၊ မာယာပရိယာယ်ကြောင့် ရတဲ့ အခွင့်အရေး တွေ ၊ အကျိုး အမြတ်တွေ ကို မလိုချင်ကြပါဘူး။ စွန့်လွှတ်ဖို့ အသင့် ရှိနေကြမှာ ပါပဲ။ ရက်ရော သဘောထားကြီးသူ တစ်ယောက် ကတော့ ကိုယ့်က ချစ်ရတယ်ဆိုတာကိုယ့်ကို မင်းရဲ့ တန်ခိုးသြဇာအောက်မှာ ပုံအပ်ထားရတာ နဲ့ အတူတူပဲ။ ဒါပေမယ့် ဒီလို ဖြစ်ရတာ ကိုက ကျေနပ်နေတယ်လို့ အပြောကောင်း ပြောမိတယ်။ ဒါကို မိန်းကလေးကလည်း တန်ဖိုးထားတယ် ဆိုရင် ဒီအချစ်မျိုး ဟာတော့ အကောင်းဆုံးပါပဲ။ နှစ် ဦးနှစ် ဖက်စလုံးက အပြန်အလှန် မျှဝေခံစားကြပြီ၊ အပြန်အလှန် ယုံကြည်မှု ရှိတဲ့ အချစ်မျိုး ဖြစ်တဲ့အတွက် အကောင်းဆုံးသော အချစ်လို့ ဆိုရလိမ့်မယ်။ ဒါပေမယ့် သူဒီလို အချစ်မျိုး နဲ့ မထိုက်တန်ဘူး ဆိုရင်တော့ သူ့ကို တစ်ခါတစ်ရံမှာ မာယာချစ်နဲ့ အချစ်ပြဖို့ တစ်ခါတစ်ရံမှာ လိုအပ်ပါတယ်။

နှစ် ဦး အပြန်အလှန် ချစ်ခါစ ပထမအဆင့်ဟာ ပျော်စရာအကောင်းဆုံးအချိန်လို့ ယူဆလေ့ရှိပါတယ်။ ဒီလို ယူဆတာဟာလည်း မှန်ပါတယ်။ အဲဒီ အချိန်ဟာ ပုံဆောင်ခဲအသွင် နောက်တစ်ခါ ဆောင်ချိန် ဖြစ်ပါတယ်။ ကြာလေသွေးရင် ဝေးတယ်လို့ ထင်တဲ့အချိန် ဖြစ်ပါတယ်။ တစ်ယောက် မျက်စေ့ထဲမှာ တစ်ယောက် ဟာ စံပြတွေ ဖြစ်နေတယ်။ ဒီလို အခြေနေမျိုး ဟာ ကြာရှည်တည်တံ့လာခဲ့ရင် သူတို့နှစ် ယောက် ရဲ့ ဘဝဟာ လုံးဝ ပြည့်စုံ

ချမ်းမြေ့တဲ့ ဘဝပဲလို့ ဆိုနိုင်လိမ့်မည် ။ ဒါပေမယ့် ဒီလို အချစ်မျိုး မှာ တောင်မှပဲ ခံစားချက် နှစ်ခုဟာ ခွန်အားပမာဏ အစဥ်အမြဲညီတူညီမျှဖြစ်နေဖို့ဆိုတာ အလွန်ရှားပါတယ်။ လူတော်တော်များများ ဟာ ကိုယ်လိုချင်တဲ့ တွယ်တာ တပ်မက်မှု ကို ရရှိစေဖို့၊ ပြန်လည် ရရှိဖို့ လိုပါတယ်။ ဒါကြောင့် မို့ အဲဒီ သူကို ချစ်နေဖို့ လိုပါတယ်။

*

ကောင်းပြီ။

ဒါ ဖြစ်ရင် လူ တစ်ယောက် ကို ချစ်ဖို့ အချစ်ကို လှူ့ဆောင်ပေးလို့ ရသလား။ လိုကောလိုအပ်သလား။ တကယ်လို့ ကိုယ့်အချစ်စိတ်ဟာ ဒီလို တာရှည်တဲ့ အချစ်မျိုး ကို ပေးနိုင်စွမ်း မရှိရင် ပျော်ရွှင်မှု သက်သက်ကိုပဲ လိုက်ရှာနေတာမျိုး က ပိုပြီး မကောင်းပေဘူးလား။

ရှေးဟောင်းယဥ်ကျေးမှု ခေတ်တွေ တုန်း ကတော့ ဒီအတိုင်းပဲ လုပ်ခဲ့ကြတာပါပဲ။ ယောကျာ်း တစ်ယောက် ဟာ မိန်းမ တစ်ယောက် ကို အလိုရှိလာတာနဲ့ အဲဒီ မိန်းမကို အတင်းအနိုင်အထက်ကျင့်ပြီး ခေါ်ဆောင်သွားတော့တာပါပဲ။ အနိုင်အထက် ခေါ်ဆောင်ခြင်း ခံရတဲ့ မိန်းမဟာလည်း စစ်ဘုရင် လက်ထက်မှာ သူပြုသမျှနုရတဲ့ ဘဝမှာ နေရတော့တာပဲ။ နောက်တော့ အမျိုး မီးဟာ အဲဒီ အမျိုး သားကို ချစ်လာခဲ့တယ်။ အဲဒီ အမျိုး သားက သူ့ကို ရွေးချယ်ထားပြီကိုး။ သူ့အရှင်သခင် ဖြစ်သွားပြီကိုး။ ဒါမှ မဟုတ်ရင်လည်း အမျိုး ၊းဟာ သူချစ်နိုင်တဲ့ သူမျိုး ဖြစ်သွားပြီကိုး။ ဒါမှမဟုတ်ရင်လည်း အမျိုး သားဟာ ချစ်နိုင်တဲ့ သူမျိုး ဖြစ်သွားပြီကိုး။

နှောင်းခေတ်တွေ ကျတော့ ခွန်အားရဲ့ နေရာမှာ စည်းစိမ်ဥစ္စာနဲ့ တန်ခိုးအာဏာတို့က နေရာ ဝင်ယူလာခဲ့ကြတယ်။ သူ့ကိုယ်သူ ရွေမှု နိကလေးတစ်မှု နိအဖြစ် ဖန်ဆင်းလိုက်တဲ့ အခါမှာ ဂျူပီတာဟာ ဒွန္တိနဲ့ တွေ့ဖို့ အခက်အခဲ မရှိတော့ဘဲ လွယ်ကူသွားပြီ မဟုတ်လာ။

ဒါပေမယ့် ဇီဇာကြောင်သူတွေ အဖို့ အနိုင်အထက်ပြုလို့ ချစ်ရတယ်။

အရှင်သခင်မို့လို့ ကိုယ့်ကို ပြန်ချစ်ရတယ် ဆိုတာ မျိုး ကို မကြိုက်ဘူးလေ။ ယောကျ်ားဆိုတာ မိန်းမရဲ့ အရွေးအချယ်ကို ခံချင်တယ်။ မချစ်သော လည်း အောင့်ခါနမ်း ဆိုတဲ့ အ ဖြစ်မျိုး ကိုတော့ မလိုချင်ကြဘူး။ အောင်နိုင်ခြင်းခံရသူဟာ သူ့အလိုအလျောက် စိတ်လိုလက်ရ မဟုတ်ဘဲနဲ့ အတင်းအကြပ် အောင်နိုင်ခြင်း ခံခဲ့ရရင် အနိုင်ရသူမှာ အရသာ မရှိဘူး။ အောင်နိုင်မှု ဟာလည်း ပျော်စရာ မကောင်းတော့ဘူး။ အဲဒီ အခါကျမှသာလျှင် သံသယနဲ့ စိုးရိမ်စိတ် ပေါ်ပေါက်လာနိုင်တယ်။ ပျော်ရွှင်မှု အပေါင်းမှာ အမြင့်ဆုံးသော ပျော်ရွှင်မှု ကို ပေးနိုင်တဲ့ အလေ့အကျင့်နဲ့ ပျင်းရိ ငြီးငွေ့မှု တို့ကို ချိုး နှိမ်နိုင်တဲ့ အောင်ပွဲတွေ သာလျှင် အကောင်းဆုံး ဖြစ်တယ်။ မူဆလင် ဘုရင်များ ရဲ့ မိန်းမဆောင်က လှပတင့်တယ်တဲ့ မိန်းကလေးများ ကို မူဆလင် ဘုရင်များ က သိပ်မချစ်ကြဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ သူတို့တစ်တွေ ဟာ အနိုင်အထက် ဖမ်းဆီး ခေါ်ဆောင်လာခဲ့တဲ့ သုံ့ပန်းတွေ ဖြစ်နေကြလို့ပါပဲ။

အပြန်လှန်အားဖြင့် ဒီနေ့ခေတ် ပင်လယ်ကမ်းခြေ အပန်းဖြေ ရိပ်သာတွေ က အလွယ်တကူ ရနိုင်တဲ့ မိန်းမတွေ ကူတော့လည်း အချစ်ကို နှိုးဆွ မပေးနိုင်ကြပြန်ဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ သူတို့က သိပ်ပြီး လွတ်လပ်လွန်းနေလို့ပဲ။ မျက်နှာဖုံးမရှိတဲ့ နေရာ၊ ဣန္ဒြေသိက္ခာ မရှိတဲ့နေရာ၊ ကိုယ့်ကိုယ်ကို သိက္ခာ စောင့်စည်းတဲ့ နေရာတွေ မှာ အချစ်ဟာ အောင်ပွဲခံပြီး သရဖူ မဆောင်းနိုင်တော့ဘူးပေါ့၊ စိတ်ကူးယဉ် အချစ်ဆိုတာ သိပ်ပြီး လွတ်လပ်တဲ့ မိန်းမမျိုး တွေ အပေါ်မှာ မချစ်နိုင်ဘူး၊ မပေါ်ပေါက်နိုင်ဘူး။ ဘာသာတရားအရ ဖြစ်စေ၊ အစဉ်အလာရအ ဖြစ်စေ၊ စောင့်စည်းနေရတဲ့ မိန်းမ တွေ အပေါ်မှာ သာ စိတ်ကူးယဉ်အချစ် ဆိုတာ ဖြစ်ပေါ်နိုင်တယ်။ ဒါကြောင့် မို့ အနှောင်အဖွဲ့၊ အတားအဆီးတွေ မြားမြောင်လှတဲ့ အလယ်ခေတ်လို ခေတ်မျိုး မှာ သာလျှင် စိတ်ကူးယဉ်အချစ်ဆိုတာ ပေါ်ထွန်းနိုင်တယ်။ အနေဝေးလေလေ၊ စိတ်ကူးယဉ် အချစ်ရဲ့ ထုထည်ပမာဏဟာ ကြီးလေလေပဲ။

လူပျိုပေါက်လေး တစ်ယောက် ဟာ ဇာတ်စင်ပေါ်မှာ မြင်ရတဲ့ အငြိမ့်မင်းသမီးကို ချစ်မိတတ်တယ်။ သူ့အသံကလေးနဲ့ မျက်နှာကလေးကို မြင်ပြီး မင်းမီး

ဟာဘုံကြိုး ပြတ်တဲ့ နတ်မိမယ်ကလေး တစ်ပါးလို့ ထင်တယ်။ တကယ်တော့ အဲဒီ မင်းသမီးမှာ လည်း အပြစ်အနာအဆာတွေ ရှိတာပါပဲ။ ဒါပေမယ့် လူပျိုပေါက်ကလေးဟာ အဲဒီ အပြစ် အနာအဆာတွေ ကို မမြင်ဘူးလေ။ မာရီဗော ပြန်ဇာတ်၊ ဒါမှမဟုတ် မူဆေးရဲ့ ပြဇာတ်ထဲမှာ အရုပ်ဆောင်တဲ့ မင်းသမီးကို ကြည့်ပြီး အရည်အချင်းတွေ ရှိနေတယ်လို့ ထင်နေတတ်တယ်။ မင်းသမီးရဲ့ အသက်အရွယ်ကိုလည်း သတိမထားမိတော့ဘူး။ ဒီမင်းသမီးရဲ့ ပါးရေကလေး တွန့်နေတာကိုလည်း မမြင်တော့ဘူး။ သူမြင်နေတာက ဇာတ်စင်ပေါ်မှာ ဗီးလိမ်း ပြင်ဆင်ထားတဲ့ မီးရောင် အောက်က မင်းသမီးကိုပဲ မြင်နေတော့တာကိုး၊ အဲဒီ မင်းသမီး စိတ်ကောက်တတ်တာ၊ အဲဒီ မင်းသမီးမာနကြီးတာ၊ ဘဝင်မြင့်တာတွေ ကို မမြင်တော့ဘူး။ ဘယ်မှာ မြင်နိုင်ပါ့မလဲ။ သူက အဲဒီ မင်းသမီးကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးတာမှ မဟုတ်ဘဲကိုး။ အဲဒီ မင်းသမီးနဲ့ အတူမှ မနေဖူးဘဲကိုး။ မိန်းမ တစ်ယောက် နဲ့ အတူနေရဖို့ထက် မိန်းမ တစ်ယောက် အတွက် အသက်စွန့်ဖို့က ပိုပြီး လွယ်တယ်လို့ ကဗျာဆရာ ဘိုင်ရွန်က ပြောခဲ့ဖူးတယ်။

အလားတူပဲ။ စာရေး ဆရာ တစ်ယောက် ကို ချစ်နေတဲ့ မြီးကောင်ပေါက်မကလေး တစ်ယောက် ဟာ အဲဒီ စာရေး ဆရာမှာ သူ့ဝတ္ထုတွေ ထဲက ဇာတ်လိုက်တွေ မှာ ရှိတဲ့ အရည်အချင်းတွေ အပြည့် ရှိနေတယ်လို့ ထင်နေတတ်တယ်။ အဲဒီ စာရေး ဆရာမှာ အဆစ်အမြစ် ကိုက်တဲ့ ရောဂါ ဖြစ်နေတာ၊ အစာမကြေ ရောဂါ ဖြစ်နေတာ၊ အဲဒီ စာရေး ဆရာ ပျင်းတာ၊ အဲဒီ စာရေး ဆရာ စိတ်တိုတတ်တာတွေ ကို မမြင်နိုင်တော့ဘူး။ တစ်ယောက် နဲ့ တစ်ယောက် အနေဝေးမှ စိတ်ကူးယဉ်အချစ်ဟာ ကြီးထွားနိုင်တယ်။ တစ်ယောက် နဲ့ တစ်ယောက် အနေဝေးမှ စိတ်ကူးယဉ်အချစ်နဲ့ ချစ်ရတာ ပိုလွယ်တယ်။

ဒါဖြင့် ရင် တစ်ယောက် လုံး ချစ်နေနိုင်ဖို့အတွက် အချစ်ကို တာရှည်စေဖို့အတွက် ဒီလိုပဲ ဝေးဝေး နေကြတော့မှာ လား။ ဒီလိုပဲ စိတ်ကူးယဉ်ပြီး အဝေးက ချစ်နေတော့မှာ လား။ ဒီလိုပဲ အချစ်ကို ရင်ထဲမှာ သိမ်းဆည်းထားပြီး အုံ့ပုန်းချစ် နေတော့မှာ လား။ မဟုတ်ပါဘူး။ တကယ်တော့ ဒီလို စိတ်ကူးယဉ်အချစ်၊ အုံ့ပုန်းချစ်ဟာလည်း

တကယ်တော့ တာရှည်မခံပါဘူး။ "အချစ်ဆီ သွားရာ လမ်းကြောင်းဟာ ရှည်လျားလေလေ၊ ချစ်သူတို့ ရရှိတဲ့ ပျော်ရွှင်မှု ဟာလည်း အရှိန်အဟုန် မြင့်မားလေလေ" လို့ ပြောလေ့ ရှိကြပါတယ်။ ဒီစကားဟာ မှန်သင့်လောက် မှန်ပါတယ်။ ဒါပေမယ့် အဲဒီ အချစ်လမ်းကြောင်းက ကြည်နူးစရာ အကွေ့အကောက် ကလေးတွေ ကို ဖြတ်သန်းပြီးရင်တော့ ပန်းတိုင်ရောက်မှ ဖြစ်ပေလိမ့်မယ်။ ပန်းတိုင်ကို မရောက်ဘဲ အချစ်လမ်းကြောင်းဟာ တောကြီးမျက်မည် းထဲမှာ လမ်းစပျောက်သွားလို့တော့ ဘယ်မှာ ပျော်ရွှင်မှု ကို ရပါတော့မလဲ။ ဒီလိုနဲ့က စိတ်ကူးယဉ်အချစ်နဲ့ ချစ်နေသူဟာ ကြာလာတဲ့ အခါမှာ သူကိုယ်တိုင်ကလည်း အချစ်ခံချင် လာတတ်ပါတယ်။

ဒါဖြင့် ရင် ချစ်ခြင်း အနုပညာ(အတက်ပညာ) က သူ့ကို ဘာတွေ သင်ကြားပေးလိုက်သလဲ။

အနုဆေးတွေ သုံးဖို့လား။ ပီယဆေးတွေ သုံးဖို့လား။ ရှေး ကဗျာလင်္ကာတွေ ၊ ဒဏ္ဍာရီတွေ ထဲမှာ တော့ ယောကျာ်းတွေ ကို ညို့ယူဖမ်းစားတတ်တဲ့ မိန်းမတွေ အကြောင်းကို ရေး ဖွဲ့လေ့ ရှိကြတယ်။ သီအိုကရစ် တပ်စ်တို့၊ အိုးဗစ်တို့ ခေတ်တုန်းကလို ဒီနေ့ခေတ်မှာ လည်း မိန်းမတွေ ဟာ ယောကျာ်းတွေ ချစ်အောင် ဘယ်လို လုပ်ရမလဲလို့ တစ်နေ့ကို အကြိမ်ပေါင်းများ စွာ မေးမြန်းနေကြတယ်။ ရာစုနှစ် ပေါင်းများ စွာ ကြာညောင်းခဲ့ တဲ့ လူ့အတွေ ့အကြုံက အဲဒီ မေးခွန်းကို အဖြေ ပေးခဲ့ပါတယ်။

အဲဒီ အဖြေ ကတော့ ကိုယ့်ကို ယောကျာ်းတွေ ချစ်စေချင်ရင် ဘယ်လိုနေထိုင်၊ ပြု မူရမယ်ဆိုတဲ့ ထုံးတမ်း နည်းနာတွေ ပါပဲ။

ချစ်သူ အချင်းချင်းကြားမှာ အထိမ်းအမှတ် ကလေးတွေ လုပ်ကြတယ်၊ အခမ်းအနား ကလေးတွေ လုပ်ကြတာ၊ စိတ်ကောက်လိုက် စိတ်ပြေလိုက် လုပ်ကြတာ၊ ပလီပလာ ခရာတာတာကလေးတွေ လုပ်ကြတာ ရှိတယ်။ ဒီနည်းအားဖြင့် ချစ်သူတွေ ဟာ တစ်ယောက် ကို တစ်ယောက် အချစ်ပြကြတယ်။ ဒါကို ကျွန်တော် တို့က ပိုးပန်းမှု လို့ ခေါ်လိုက်ကြတယ်။ ပိုးပန်းတာဟာ လူတွေ မှ ပိုးပန်းကြတာ မဟုတ်ပါဘူး၊ တိရစ္ဆာန်တွေ လည်း သူ့ရာသီနဲ့ သူ ပိုးပန်းတာတွေ ရှိပါတယ်။ တိရစ္ဆာန်တွေ ရဲ့ အရှင်းဆုံး၊ အလွယ်ကူဆုံး

ပိုးပန်းနည်းတွေ က အစ လူတွေ ရဲ့ အရှုပ်ထွေးဆုံး၊ အခက်ဆုံး ပိုးပန်းနည်းတွေ အဆုံး အားလုံးကို ကျွန်တော် အကျဉ်းချုပ် ပြောချင်ပါတယ်။ ပိုးနည်း ပန်းနည်းတွေ ဆိုပါတော့။

ပိုးတဲ့ ပန်းတဲ့ အခါမှာ တစ်ဖက်က ကိုယ့်ကို စိတ်ဝင်စားလာအောင် ပထမ လုပ်ပြရတယ်။ အဲဒီ လို ကိုယ့်ကို စိတ်ဝင်စားလာအောင် အများ သူငါ လုပ်လေ့ရှိတဲ့ နည်း တစ်ခု ကတော့ ကိုယ့်ကိုယ်ကို ပြင်ဆင် မွမ်းမံခြင်းပဲ။ ပန်းပင်တွေ ဟာ သူ့အချိန် ရောက်လာတာနဲ့ ဖူးပွင့်လာပြီး အသွေးအရောင် တွေ တောက်လာတယ်။ ဒါဟာ အလကား ဖူးပွင့်လာတာ မဟုတ်ဘူး။ သူတို့ဆီမှာ ပန်းဝတ်မှု န်တွေ ယူခဲ့ကြပါတော့လို့ ပိုးမွှားကလေးတွေ ကို အချက်ပေးလိုက် တာ၊ ပိုးမွှားကလေးတွေ ကို ဆွဲဆောင်လိုက်တာပါ။ ညမှာ ပိုးစုန်းကြူး ကလေးတွေ ၊ ပိုးစိမ်းကောင်ကလေးတွေ ဟာ တလက်လက် တောက်ပနေကြတယ်။ ဒါဟာ အကြောင်းမဲ့ လက်နေကြတာ မဟုတ်ဘူး။ သူတို့ဟာ မိတ်လိုက်ဖို့ အဆင်သင့် ရှိနေကြပြီ၊ အချစ်အတွက် အဆင်သင့် ဖြစ်နေကြပြီလို့ သူတို့အချင်းချင်းကို အချက်ပြတာ ဖြစ်တယ်။ အလားတူပဲ မိန်းမတွေ ဟာလည်း အဝနိအစားလှလှပပ ဝတ်ဆင်ကြတယ်။ လက်ဝတ်ရတနာတွေ ကို ဆင်မြန်းကြတယ်။ ဒါဟာ အကြောင်းမဲ့ ဝတ်တာ မဟုတ်ဘူး။ ယောကျ်ားတွေ က မျက်စေ့ကျအောင်၊ သူတို့ကို ရွေးချယ်အောင် ပြင်ဆင်တာ ဖြစ်တယ်။ မြင်ရသူတို့ကို ကြည်နူး ရွှင်ပြုံး အောင် လုပ်ဖို့ ကိစ္စဟာ မိန်းမယ်တို့ရဲ့ ပိုင်ခွင့် ဖြစ်တယ်။ သူတို့ရဲ့ တာဝန်လည်း ဖြစ်တယ်။ ဒီရည်ရွယ်ချက် ပြီးမြောက်ဖို့အတွက် အားထုတ်ကြတယ်။ မိုက်မဲတဲ့ မိန်းမပျိုကလေးတွေ ကျတော့ သည့်ထက် သိမ်းသွင်း ဆွဲဆောင်နိုင်တဲ့ နည်းတွေ ကို အသုံးပြုကြတယ်။ အများ စုဟာ ဖက်ရှင်ကို လိုက်ပြီး ဝတ်စားကြတယ်။ ဖက်ရှင်ဝတ်စားတာရဲ့ အဓိက ရည်ရွယ်ချက်ဟာ တစ်ခြားမဟုတ်ပါဘူး။ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်သိမ်းသွင်းဖို့ ဖြစ်တယ်။ အပ်ချုပ်ဆိုင်ကြီးများ ၊ အလှပြင်ဆိုင်ကြီးများ ၊ လက်ဝတ်ရတနာ ဆိုင်ကြီးများ ဟာ ယောကျ်ားတွေ ကို ချော့မြှူလိုတဲ့ မိန်းမတွေ ရဲ့ ဆန္ဒပေါ်မှာ တည်ပြီး စီးပွားလမ်းဖြောင့်နေကြတယ်။

တချို့ မိန်းမတွေ ကတော့ ဟန်ဆောင်လို့ ဖြစ်စေ၊ အထင်သေးလို့ ဖြစ်စေ ဖက်ရှင် ဝတ်စားဆင်ယင်တာကို လျစ်လျူရှုကြတယ်။ ဒါပေမယ့် အလုပ်သမ မှသည် မြို့

စားကတော့ အထိ မိန်းမအားလုံးက ဖက်ရှင် ဝတ်စားဆင်ယင်မှု ကို လက်ခံနေကြတဲ့ အချိန်၊ လက်ခံနေကြတဲ့ လူ့အဖွဲ့အစည်း တစ်ခုမှာ ဒီလို ဖက်ရှင် ဝတ်စားဆင်ယင်မှု ကို လုံးဝ လျစ်လျူ ပြုတာ ကတော့ နည်းနည်း ထူးဆန်းပြီး ကြောင်သလိုလို ဖြစ်နေတယ်။ ဒီလို ဖက်ရှင် ဝတ်စားဆင်ယင်မှု ခေတ်စားလာတဲ့ အတွက် အရိုးဆုံးဟာ အဆန်းဆုံး ဖြစ်လာပြီး၊ အဆန်းဆုံးဟာ အရိုးဆုံး ဖြစ်သွားတတ်တယ်။ အမှန် ကတော့ ပြင်ဆင်မွမ်းမံမှု ဆိုတာ မျိုး ဟာ သူ့တစ်ခုတည်း ဆိုရင် ဘာမှ အဓိပ္ပာယ်ရှိတာ မဟုတ်ပါဘူး။ ရာဇီယယ် အကြို ခေတ်တုန်းက အင်္ဂလိပ် အမျိုး သမီးငယ်များ ဟာ တနင်္ဂနွေနေ့ မနက်ဆိုရင် ဝီလုံမောရစ်ရဲ့ အိမ်ကို သွားလေ့ရှိကြတယ်။ သူတို့ ဝတ်တဲ့ အဝတ်အစား ခပ်ရိုးရိုးပဲ။ အဝတ်အစားက ပြောင် သက္ကလတ်အပြာရောင် ၊ ပြီးတော့ လည်ပင်းမှာ ပယင်းပုတီးကလေးက တစ်ကုံးလောက် ဆွဲတယ်။ ဒါပေမယ့် သူတို့တစ်တွေ ဟာ ဝိတိုရိယခေတ် ကုန်ခါနီး မှာ ခေတ်စားတဲ့ ပြိုး ပြိုး ပြက်ပြက် တောက်တောက်ပပ တွေ ဝတ်လေ့ရှိတဲ့ ဖက်ရှင်တွေ ကို ဝတ်စား ဆင်ယင်ထားကြတဲ့ အမျိုး သမီးတွေ ထဲမှာ ထင်းထင်းကြီးပေါ်ပြီး ထူးခြားနေကြတယ်။ အဲဒီ ခေတ်တွေ တုန်းက အနုပညာသည် ပန်းချီဆရာတို့ကို ဘာတို့ဆိုရင် အနားဖတ် အပြားကြီးကြီး ဦးထုပ်ကြီးတွေ ကို ဆောင်းတတ်တယ်။ လူငယ်လက်ဝဲ စာရေး ဆရာတို့ ဘာတို့ဆိုရင် ဘာရေဂျာကင်ကြီးကို ဝတ်လေ့ ရှိတယ်။ ရှိုးကျကျ ဝတ်တတ်သူတွေ ဆိုရင် ခါးတို အင်္ကျီကို ဝတ်တတ်တယ်။ အဲဒီ တုန်းက ခေတ်စားခဲ့တဲ့ ဖက်ရှင်တွေ ပေါ့။ ဒီတော့ လူ ဖြစ် ဖြစ်၊ တိရစ္ဆာန်ပဲ ဖြစ် ဖြစ် ဗိုသတ္တဝါ မှန်မျှဟာလည်း သူတို့ကိုယ် သူတို့ မွမ်းမံ ပြင်ဆင်ကြတောချည်းပါပဲ။ အဲဒါ ပြင်ဆင်မွမ်းမံခြင်း၊ မရှိတဲ့ သတ္တဝါ ဆိုလို့ ဒေါင်းပဲ ရှိတယ်။ ဒေါင်း ကတော့ သဘာဝ အနုပညာကို အနိုင်ရလိုက်တဲ့ ပြယုဂ်တစ်ခု ပါပဲ။ ဒီတော့ စီးပွားရေး အရ တာဝန်ကြီးတဲ့အတွက် ယောကျ်ားက ပြင်ဆင်မွမ်းမံခြင်း မပြုသည့်တိုင် မိန်းမ ကတော့ သူ့ကိုယ်သူ ပြင်ဆင် မွမ်းမံရလိမ့်မယ်။ ဒီနေ့ ထုတ်ဝေတဲ့ အမေရိကန် မဂ္ဂဇင်းထဲက ကြော်ညာတွေ ကို ကြည့်လိုက်ရင် မိန်းမဟာ ယောကျ်ားကို အောင်နိုင်လွှမ်းမိုးဖို့အတွက် ဘယ်လောက် စိတ်အားထက်သန်စွာ ကြိုး ပမ်း အားထုတ်နေသလဲ ဆိုတာကို အလွယ်တကူ သိနိုင်တယ်။

မိမိ ကိုယ်ကို မွမ်းမံ ပြင်ဆင်တဲ့ နည်းနဲ့ မိန်းမဟာ ယောကျာ်းကို စိတ်ဝင်စားလာအောင် ဆွဲဆောင်တယ်။

နောက်တစ်နည်း ကတော့ အခြားသူများ ထက်သာအောင် လုပ်ပြခြင်းဖြင့် တစ်ဖက်သားကို ဆွဲဆောင်တယ်။ ယောကျာ်း တစ်ယောက် ဟာ သူ့ကျွမ်းကျင်မှု ကို ပြတတ်တယ်။ ဒီလိုပြတဲ့ နေရာမှာ နည်းတွေ ကတော့ အမျိုး မျိုး ရှိသပေါ့။ တစ်ချို့ ငှက်ကလေးတွေ ဆိုရင် သူတို့ကို ငှက်မတွေ သဘောကျအောင် ရေထဲကို ငုပ်သွားပြီး ရေထဲက မှော်ပင်ကလေးတွေ ကို ကိုက်ချီပြတတ်ကြတယ်။ ပြင်သစ် စာရေး ဆရာ တစ်ဦး ဖြစ်တဲ့ ရှာတိုဗရိုင်းယန်းကို "ကျော်ကြားမှု ကို ရှာမယ်" တဲ့။ ဒါမှ သူ့ကို လူတွေ က ချစ်ခင်ကြမယ်တဲ့။ ဒီနည်းအားဖြင့် ရှာတိုဗရိုင်းယန်းဟာ အရှေ့တိုင်းကို ငုပ်လျှိုး သွားခဲ့တယ်။ သူပြန်လာတဲ့ အခါမှာ တော့ သူချစ်တဲ့ မဒမ် ဒီနိုအေလီအတွက် အသေနိုင်တဲ့ စာတွေ တွေ ကို ယူဆောင်လာခဲ့တယ်။ အချစ်ဝတ္ထုရေး ဆရာတွေ ဟာ အချစ်ဝတ္ထုတွေ ကို ရေး ကြတယ်။ အဲဒီ ဝတ္ထုတွေ ထဲမှာ စိတ်လှုပ်ရှားဖွယ် ကောင်းလောက်အောင် သူတို့ရဲ့ ခံစားချက်တွေ ကို ရေး ချယ်ပြထားတာကို မိန်းမတွေ သွားတွေ့ကြတယ်၊ သီချင်းရေး ဆရာ တော် တော် များများ အားလုံးလောက်ဟာ သူတို့ရဲ့ မြည် တမ်းမှု တွေ ၊ ဆန္ဒတွေ ကို တေးသီချင်း စာသားတွေ အ ဖြစ် ပြောင်းပစ်ခဲ့ကြတယ်။ ဒါပေမယ့် တင်းနစ် ချန်ပီယံ ကတော့ သူရဲ့ ရိုက်ချက်ပြင်းတဲ့ လက်ပြန် ရိုက်ချက်တွေ ကို ကြည့်ပြီး သူ့အစွမ်းကို ပြချင်တာပေါ့၊ မော်တော် ကား အပြန်မောင်းသမားကလည်း သူ အမြန်မောင်းရဲတာကို ပြချင်တာပေါ့။ ဘဲလေး ကချေသည်ကလည်း သူ့ခြေဖျားကလေးတွေ ဖျတ်လတ်ကျွမ်းကျင်ပုံကို ပြချင်တာပေါ့။

အဲဒီ အထဲမှာ ယောကျာ်း တစ်ယောက် ဟာ ဒွန်ဝှမ်းလို မိန်းမစွံပြီလို့ နာမည် ကြီးလာရင်တော့ တော်တော့်ကို အန္တရာယ်များ တဲ့ စွမ်းအားတွေ ရှိသွားပြီလို့ ပြောရတော့မှာ ပဲလေ။ ဒီလို အချိန်အခါမျိုး မှာ လိမ္မာတဲ့ အပျိုကလေးတွေ က သူ့ဆွဲဆောင်မှု ကို မခံကြပေမယ့် မိုက်မဲတဲ့ အပျိုကလေးတွေ ကတော့ ငါစွံတယ် ဆိုတာကို ပြချင်တတ်ကြတယ်။ ကျော်ကြားတဲ့ အဲဒီ ယောကျာ်းပျိုကို ပြိုင်ဖက်တွေ ၊ တစ်ခါတစ်ရံ သူငယ်ချင်းတွေ ဆီ့ လုယူနိုင်တယ်လို့ ကြွားချင်တတ်ကြတယ်။ အဲဒီ စိတ်ဓာတ်ဟာ တော်

တော် ရှုပ်ထွေးဆန်းကြယ် တဲ့ စိတ်ဓာတ် ဖြစ်တယ်။ အဲဒီ စိတ်ထဲမှာ ကြွားချင်တာလည်း ပါတယ်။ အခြား မိန်းကလေး တစ်ယောက် အကောင်းအမွန် ရွေးချယ်တာကို လေးစား အားကျတာလည်း ပါတယ်။ ခက်ခဲတဲ့ အောင်မြင်မှု တစ်ခုကို အရယူနိုင်ခဲ့တဲ့ အတွက် ကိုယ့်ကိုယ်ကို အထင်ကြီးတာလည်း ပါတယ်။ ငါ့လို မိန်းမ ရှိသေးရဲ့ လားဆိုတဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးတာလည်း ပါတယ်။ မိန်းမစွံတဲ့ ဒွန်ဝှမ်းဟာ ပထမတော့ ကောင်မလေးတွေ ကို ရွေးတယ်။ ဒါပေမယ့် နောက်ကျတော့ သူက အရွေးခံသူ ဖြစ် သွားပါတယ်။

မိန်းမတွေ ရဲ့ နောက်ဆန္ဒ တစ်ခု ရှိသေးတယ်။ အဲဒါက လုံခြုံမှု ကို လိုချင်တဲ့ ဆန္ဒပဲ။ မိန်းမဟာ အားနည်းသူ ဖြစ်လေတော့ ပိုပြီး အားနွဲ့လာလေလေ၊ ကိုယ့်ကို အကာအကွယ် သို့မဟုတ် ထောက်ပံ့မှု ပေးနိုင်မယ့် အစွမ်းသတ္တိရှိတဲ့ ယောကျ်ားမျိုး ကို ရှာဖွေလာတတ်တယ်။ စစ် ဖြစ်နေချိန်တို့ ဘာတို့ဆိုရင် မိန်းမဟာ စစ်သူရဲကောင်းရဲ့ ရင်ပတ်ပေါ်က တံဆိပ်တွေ ကို ရေတွက်နေတတ်တယ်။ ငြိမ်းချမ်းတဲ့ ကာလဆိုရင်တော့ အဲဒီ ယောက်ျားရဲ့ ဉာဏ်ပညာ သို့မဟုတ် စည်းစိမ် ဥစ္စာကို ကြည့်တတ်ကြတယ်။ ယောကျ်ားအဖို့ကလည်း ချစ်သူကို လက်ဆောင်ပေးခြင်းဟာ သူ့မှာ စွမ်းအားသတ္တိ ဘယ်လောက်ရှိကြောင်းကို ပြသတဲ့ သဘော ဖြစ်တယ်။ ရေခဲငှက်နဲ့ တင်ကျီးစာ လုပတဲ့ ခဲတုံးကလေးတွေ ကို ကောက်ပြီး သူ့ငှက်မလို လက်ဆောင်ပေးတယ်။ ငှက်ရွှေဝါဟာ သစ်ကိုင်းကလေးတွေ ၊ သစ်ရွက်ကလေးတွေ ကို ကိုက်ချီပြီး သူ့ငှက်မကို လက်ဆောင်ပေးတယ်။ ဒီအတိုင်းပါပဲ။ လူငယ်ဟာလည်း သူ့ချစ်သူ သူ့ရည်းစားကို သိုးမွေးထိုး ဆွယ်တာကလေးတွေ ၊ ကော်ဇောကလေးတွေ ၊ ခန်းဆီးကလေးတွေ လက်ဆောင် ပေးတတ်တယ်။ မိန်းမနဲ့ ပုံလွှား ငှက်မဟာ သူ့ကြင်ဖော်ကို ရွေးချယ်ပြီးတာနဲ့ အသိုက်အမြုံကို စိတ်ကူးတော့တာပါပဲ။

ချီးမွမ်း ပြောဆိုခြင်းဟာလည်း လက်ဆောင်ပေးခြင်း တစ်မျိုး ပါပဲ။ အချစ်ကဗျာတွေ အားလုံးလောက်ဟာ ချစ်သူကို မရလို့ မြည် တမ်းတောတွေ ပဲ မဟုတ်လား။ မြည် တမ်းတာဟာ သဘောတော့ကျစရာ ကောင်းပါရဲ့ ။ ဒါပေမယ့် ကြာတော့ နားငြီးပြီး ငြီးငွေ့စရာ ကောင်းသွားတတ်တယ်။ ဘာ ဖြစ်လို့လဲဆိုရင်တော့ အလွန် မောက်မာပါတယ်

ဆိုတဲ့ လူမျိုး တွေ မှာ တောင် ကိုယ့်ကိုယ်ကို သိမ်ငယ်စိတ်ကလေးတွေ ရှိနေတတ်လို့ပဲ။ လှပတဲ့ မိန်းမတွေ မှာ သူတို့ရဲ့က အသိဉာဏ်နဲ့ ပတ်သတ်လို့ အားငယ်စိတ် ရှိကြတယ်။ မလုံမလဲ စိတ်ရှိကြတယ်။ အသိဉာဏ် ထက်မြတ်တဲ့ မိန်းမများ ကျတော့လည်း သူတို့ရဲ့ ရုပကာနဲ့က ပတ်သတ်လို့ သံသယ ဖြစ်လေ့ ရှိကြတယ်။ အားငယ်လေ့ ရှိကြတယ်။ ကိုယ့်ရဲ့ အလှကို သတိမထားမိတဲ့ မိန်းကလေး ၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို မလှလှူးလို့ ထင်နေတဲ့ မိန်းကလေး တစ်ယောက် ကို သူ့ရဲ့ အလှတွေ ချီးမွမ်းခန်း သွားဖွင့်ရတာ မျိုး ဟာ တော် တော် ကြည်နူးစရာ ကောင်းပါတယ်။ ဒီလို ထုတ်ဖော် ချီးကျူး ခြင်း ခံရတဲ့အတွက် အရှက်အကြောက် ကြီးပြီး စိတ်အားညှိုး ငယ်တတ်တဲ့ မိန်းခလေးတွေ ဟာ နေခြည်မှာ ပန်းပွင့်သလို တင့်လန်း ဝေဆာလာတတ်ပါတယ်။ တချို့ မိန်းမတင် မဟုတ်ပါဘူးလေ။ ယောကျ်ားတွေ ဟာလည်း တော် တော်ာ ချီးမွမ်းခံချင်တဲ့ သတ္တဝါ ဖြစ်ပါတယ်။ တချို့ အရုပ်ဆိုး အကျည်းတန် မိန်းမများ ဟာ ယောကျ်ားတွေ ရဲ့ ချစ်မြတ်နိုးခြင်း ခံရတာ ဟာ တခြားကြောင့် မဟုတ်ပါဘူး။ သူတို့ဟာ ချီးမွမ်းစကား ပြောတတ်လို့ပဲ ဖြစ်ပါတယ်။ ဘယ်လို ချီးမွမ်း ပြောဆိုရမယ်ဆိုတာကို သိလို့၊ နားလည်လို့ ဖြစ်ပါတယ်။ လူတွေ ဟာ သူတို့မှာ ရှိတဲ့ အရည်အချင်းတွေ ကို ထုတ်ဖော် ချီးမွမ်းတာထက် သူတို့မှာ မရှိတဲ့ အရည်အချင်းတွေ ကို ထုတ်ဖော် ချီးမွမ်းတာကို ပိုပြီး သဘောကျလေ့ရှိပါတယ်။ စစ်ဗိုလ်ချုပ် တစ်ယောက် ကို သူ့အောင်ပွဲတွေ အတွက် သွားချီးကျူး နေရင် သိပ်ကျေးဇူးတင်မှာ မဟုတ်ပါဘူး ။ ဒါပေမယ့် သူ့ရဲ့ လူသိနည်းပြီး အများ သိပ်မကြိုက်တဲ့ ဆောင်းပါးတိုလေး တစ်ပုဒ်ကို သွားချီးကျူး ခဲ့ရင် ဒါမှမဟုတ် သူ သီချင်းဆိုပြတာ ဘယ်လောက် အသံကောင်းတယ် ဆိုတာကို သွားပြီး ချီးကျူး တယ်ဆိုရင်တော့ ချက်ချင်း စိတ်ဝင်စားပါလိမ့်မယ်။

မိန်းမတွေ မှာ လည်း အောင်မြင်မှု အတွက် သူတို့ရဲ့ ကိုယ်ပိုင် နည်းလမ်းတွေ ရှိပါတယ်။ မိန်းမဟာ ယောကျ်ားတွေ ရဲ့ အစကို စောင့်တတ်တယ်လို့ အများ အားဖြင့် ယူဆခဲ့ကြတယ်။ အမှန် ကတော့ ဒါဟာ အပေါ်ယံကို ကြည့်ပြီး ပြောခြင်းသာ ဖြစ်ပါတယ်။ ဘားနတ်ရှောက မိန်းမ တစ်ယောက် ဟာ ယောကျ်ား တစ်ယောက်ို စောင့်တာတော့ မှန်ပါတယ်။ ဒါပေမယ့် သူစောင့်တာမျိုး က ပင့်ကူက ယင်တစ်ကောင်ကို စောင့်တာမျိုး

ဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ကျား-မ တွဲ ကတဲ့ ဓလေ့ရဲ့ ရည်ရွယ်ချက်ဟာ ယောကျ်ားရဲ့ ရက်ကြောက်စိတ်ကို ဖျောက်ဖက်ပစ်ဖို့နဲ့ တစ်ပြိုင်တည်းမှာ သူရဲ့ ဆန္ဒများ ကို မျိုသိပ်တတ်တေဖို့ ဖြစ်တယ်။ ခုခေတ် မြို့ကြီးပြကြီးတွေ မှာ ကနေတဲ့ ကပွဲတွေ ကတော့ ရှေးခေတ်က ကပွဲတွေ ၊ ကျေးလက် ကပွဲတွေ နဲ့ မတူတော့ဘူးပေါ့။ အဲဒီ ကပွဲတွေ မှာ တော့ သွေးသွားနှိုးဆွတဲ့ သဘောတွေ က အများ ကြီး ပါတာပေါ့။

မိန်းမတွေ အတွက် မာယာပရိယာယ် လုပ်ခြင်းဟာ တစ်ခါတစ်ရံမှာ အာရုံလွှဲပစ်တာ၊ ကိုယ့်ကိုယ်ကို အားပေးတာ၊ စိတ်ဓာတ် အရ ထောက်ခံမှု ပေးတာတို့လည်း ဖြစ်တတ်ပါတယ်။ မဒမ် ဒီမန်တီနွန်ဟာ လူဝီဘုရင် ၁၄ ကို အနိုင်ရသွားတာကိုပဲ စဉ်းစားကြည့်ပါ။ သူတို့ အ ဖြစ်လောက် မျှော်လင့်ချက်ကင်းမဲ့တဲ့ အ ဖြစ်မျိုး ရှိနိုင်ပါဦးမလား။ အဲဒီ တုန်းက မဒမ် ဒီမန်တီနွန်ဆိုတာ ငယ်ရွယ်နုပျိုတဲ့ အရွယ်လည်း မဟုတ်တော့ပါဘူး။ သူနဲ့ ဘုရင်နဲ့ အဆက်အဆံ ဆိုလို့လည်း သိပ်ရှိတာ မဟုတ်ပါဘူး။ အရင် တစ်ယောက် ဖြစ်တဲ့ မဒမ် ဒီမွန်တက်စပင်နဲက ရခဲ့တဲ့ ကလေးတွေ ကို စာပြပေးရတဲ့ ဆရာမ ။ မဒမ် ဒီမွန်တက်စပင်ဟာ သိပ်လှပြီး တစ်ခါတုန်းကဆိုရင် ဘုရင့်အပေါ်မှာ အလွန် ဩဇာညောင်းခဲ့တဲ့ အမျိုး သမီး။ ဒါပေမယ့် မဒမ် မန်တီနွန်ဟာ လူဝီဘုရင်ကို သူ့ပြိုင်ဖက် မဒမ် ဒီမွန်တက်စပင်ရဲ့ လက်ထဲက လုယူနိုင်ခဲ့ရုံတင် မကဘူး။ မဒမ် မွန်တက်စပင်တောင် မလုပ်ရဲ မမျှော်လင့်ရဲခဲ့တဲ့ အရာကို ရအောင် ယူသွားနိုင်ခဲ့ပါတယ်။ အဲဒါ ကတော့ ဘုရင်နဲ့ တရားဝင် လက်ထက် ထိမ်းမြားတာပဲ ဖြစ်ပါတယ်။

ဒါဖြင့် ရင် သူ့အောင်မြင်မှု ရဲ့ သော ချက်ဟာ ဘာလဲ။ အဲဒီ အချိန်တုန်းက ဘုရင်ဟာ သူ့ရဲ့ မောင်းမတစ်ဦး ဖြစ်တဲ မဒမ် ဒီမွန်တက်စပင်ရဲ့ ဆူပူသော င်းကျန်းတတ်တဲ့ စရိုက်ကို စိတ်ပျက် နေချိန် ဖြစ်တယ်။ ဒီလို အချိန်မှာ မဒမ် ဒီမန်တီနွန်ဟာ အေးဆေးတည်ငြိမ်မှု တစ်ဦးအနေနဲ့ ချဉ်းကပ်ယတ်။ ယောကျ်ားတွေ ဟာ သူတို့ချစ်တဲ့ မိန်းမတွေ ရဲ့ မနာလိုဝန်တိုမှု ၊ ဒေါသအမျက်ထွက်မှု ၊ ဆူပူသော င်းကျန်းမှု တွေ ကို အခိုက်အတန့်အားဖြင့် တော့ သည်းခံတတ်ကြတယ်။ တစ်ချို့ ဆိုရင် ငြိမ်သက်တဲ့ ပင်လယ်ထက် လှိုင်းထန်တဲ့ ပင်လယ်ကို ပိုပြီး သဘောကျကြတယ်။ ငြိမ်သက် အေးဆေးတဲ့

အချစ်ထက်၊ အကွေ့အကောက်တွေ ၊ အနိမ့်အမြင့်တွေ နဲ့ ဖြတ်သန်းသွားရတဲ့ အချစ်မျိုး ကို သဘောကျတတ်ကြတယ်။ ဒါပေမယ့် အများ အားဖြင့် တော့ အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက် နေရတာ ကို အလိုလို ပျော်ကျသွားတော့တာပါပဲ။ အထူးသဖြင့် ခပ်ရမ်းရမ်း မိန်းမတွေ ကြောင့် စိတ်ပျက်သွားတဲ့ နကိုက စိတ်ကြမ်းလူကြမ်း ယောကျ်ားမျိုး ဆိုရင် ကြင်နာမှု ကို ပိုပြီးတောင် သဘောကျတတ်ပါသေးတယ်။

လူဝီဘုရင် အလုပ်လုပ်တဲ့ အခါမျိုးမှာ ဆိုရင် မဒမ် မန်တီနွန်ဟာ ဘုရင့်အပါးမှာ အမြဲရှိနေအောင် အကျင့် လုပ်ထားတယ်။ ဘုရင်ကလည်း ဝန်ကြီးတွေ ကို မဒမ် မန်တီနွန်ရဲ့ နန်းဆောင်ထဲကို ဆင့်ခေါ်တယ်။ ဒီအခါမျိုး မှာ မဒမ် မန်တီနွန်ဟာ ဝန်ကြီးတွေ တင်သွင်းတဲ့ အစီအရင်ခံစားများ ကို တိတ်ဆိတ်စွာ နားထောင်တယ်။ ဘုရင်က သူ့ကို ကောက်မေးလိုက်တဲ့ အခါ သူဟာ တစ်လျှောက်လုံး နားထောင်ခဲ့ကြောင်း၊ သူတို့ ဖတ်ကြားတဲ့ အစီရင်ခံချက်များ ကို နားလည်ကြောင်း ပြတဲ့ အနေနဲ့ ထင်မြင်ချက်ပေးလေ့ ရှိတယ်။ ဘုရင်တစ်ပါးကို သူ့အလုပ်ကို ဂရုတစိုက် လုပ်အောင်၊ သူချစ်တဲ့ မိန်းမထက် ပိုပြီး ဂရုစိုက်အောင် လုပ်ပေးနိုင်တဲ့အတွက် မဒမ် မန်တီနွန်ဟာ ထက်မြက်ပါးနပ်တဲ့ မိန်းမတစ်ဦးလို့ ဆိုပါတယ်။ တကယ်လိုကသာ မဒမ် မန်တီနွန်က ဘုရင်ကို သူ့အလုပ်မှာ စိတ်မဝင်စားအောင် လုပ်ခဲ့ရင်၊ နေရာတကာ သူက နေရာဝင်ယူလွန်းရင်၊ ခဏတော့ ညည်းခံမှာ ပဲ။ ဒါပေမယ့် ကြာလာတော့ သူ့စရိုက်ကို မကြိုက်နိုင် ဖြစ်လာပြီး မကြာခင်မှာ ပဲ တခြား မိန်းမ တစ်ယောက် ဘက်ကို ဦးလှည့်သွားမှာ သေချာပါတယ်။ သူ့ထက် ကျွမ်းကျင်တဲ့၊ သူ့ထက် ပါးနပ်တဲ့ မိန်းမ တစ်ယောက် ဘက်ကို ပါသွားမှာ ပဲ။

ငှက်တွေ ဟာ သူတို့ ကိုယ်ပိုင်သီချင်းတွေ ကို ဆိုပြီး ရေအောက်က မှော ပင်လေးတွေကို ရှာဖို့အတွက် ရေငုပ်ကြတယ်။ ပုစွန်တွေ ဟာ ကျောက်ဆောင်တွေ ကြားထဲ အိုင်ကလေးတွေ ထဲမှာ သူတို့ အချစ်စွန့်စားခန်း ဖွင့်ကြတယ်။ လူ တစ်ယောက် ဟာ ကိုယ့်ချစ်သူအကြောင်းကို ကိုယ်တိုင် ကဗျာစပ်မဲ့ အစား ဘော့ဒလဲယားရဲ့ ကဗျာတစ်ပုဒ်ကို သူ့ချစ်သူကို ဖတ်ပြတယ်။ စန္ဒယားဆရာဟာ သူ့ချစ်သူရဲ့ အချစ်ကို တောင်းခံဖို့အတွက်၊ ရှူပင်ရဲ့ တေးသွားကို တီးပြရတယ်။ ရှူပင်ရဲ့ ဂီတဉာဏ်ဟာ နားထောင်သူ ဂီတချစ်သူတွေ ကို

စိတ်ကြည်နူးအောင် ဖန်တီးပေးတယ်။ ဂီတဟာ ချစ်သူနှစ် ဦးရဲ့ စိတ်ဓာတ်ကို စီးစဉ်တကျရှိနဲ့ အလှနဲ့ ပြည့်လျှမ်းစေတယ်။ ကောင်းကင်ဆန်တဲ့ ကြည်နူးမှု ကို ပေးတယ်။ ဒီနည်းအားဖြင့် ဂီတဟာ ချစ်သူတို့ရဲ့ အချစ်ကို လှုံ့ဆော်ပေးတယ်။ ဗိသိုဗင်၊ မိုးဇက်နဲ့ ဝဂ်နာတို့ဟာ ချစ်သူစုံတွဲ များ ကို ပေးစားခဲ့ပြီပဲ၊ ဟုတ်ပါတယ်။ အချစ်ဇာတ်လမ်း များ စွာ တို့ဟာ ချောင်ကျတဲ့ ပန်းချီပြတိုက်တွေ ထဲမှာ အစပြုခဲ့ကြတယ် ဆိုတာ မှန်ပါတယ်။ ဝတ္ထု ကောင်းကြီးတွေ ဟာ မိန်းမနဲ့ ယောကျ်ားကို စကားပြောစရာ အကြောင်းအရာတွေ ကို ပေးခဲ့ကြတယ်။ ဆက်ဆံရာမှာ နည်းပေးလမ်းပြ ဖြစ်ခဲ့ကြတယ်။ အကောင်းဆုံး ဝတ္ထုကြီးတွေ ဟာ အချစ်ရေး မှာ သင်ခန်းစာတွေ ဖြစ်ခဲ့ကြပြီး အဲဒီ သင်ခန်းစာတွေ ကို လက်တွေ့ ကျင့်သုံးခဲ့ကြသူများ ကို ပီတိချမ်းသာ ရစေခဲ့ကြတယ်။ ယဉ်ကျေးမှု အဆင့်အတန်း တူညီမှု ဟာ အချစ်ကို ပေါက်ဖွားစေနိုင်တဲ့ ရေခံမြေခံ ဖြစ်ပြီး အဲဒီ အချစ်ဟာလည်း အလွန်အဆင့်အတန်းမြင့်တဲ့ အချစ်မျိုး ဖြစ်ပါတယ်။ စိုးရိမ်ပူပန်စရာတွေ ပေါ်လာခဲ့ရင်လည်း ဒီသော ကတွေ ကို ဖြေဖျောက်ရာမှာ ဒီလို အဆင့်အတန်းမြင့်တဲ့ ဝတ္ထုကြီးတွေ ဟာ အများ ကြီး အကူအညီ ဖြစ်စေပါတယ်။ ယဉ်ကျေးမှု ရှိခြင်းဟာ အချစ်ပန်းပင်ကို စိုက်ပျိုး ဖို့ ပန်းခင်း ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

မိန်းမနဲ့ ယောကျ်ားဟာ တစ်ယောက် နဲ့ တစ်ယောက် ဘာသာ အယူဝါဒချင်း တူဖို့၊ အမျိုး သားရေး နဲ့ နိုင်ငံရေး ယုံကြည် ချက်ချင်း တူဖို့၊ ပန်းတိုင်ချင်း တူဖို့ အရေး ကြီးပါတယ်။ ဒီယုံကြည်ချက်တွေ မှာ တစ်ယောက် နဲ့ တစ်ယောက် မျှဝေခံစားတတ်ဖို့ လိုပါတယ်။ အဲဒီ လို ယုံကြည်ချက်တွေ ကို မျှဝေ ခံစားနိုင်ကြခြင်းဟာ အချစ်ကို အုံ့ဩစရာ ကောင်းလောက်အောင် ခိုင်မြဲစေပါတယ်။ ဘာသာတရားကို အလွန်အမင်း ကိုင်းရှိုင်းသူများ အဖို့ သူ့လို ဘာသာတရားကို ကိုင်းရှိုင်းခြင်းမရှိသူ တစ်ဦးအပေါ်မှာ ရာသက်ပန် စွဲမြဲစွာ ချစ်ဖို့ဆိုတာ တော် တော် တော့ ခက်ပါတယ်။ ဒီလိုအခါမျိုး မှာ ဘာသာတရား ကိုင်းရှိုင်းသူက မကိုင်းရှိုင်းတဲ့ ချစ်သူကို ဘာသာတရားမှာ စွဲမြဲစွာ ကိုင်းရှိုင်းလာအောင် လုပ်ချင်တယ်။ ဒီတော့ ဘာသာတရား မကိုင်းရှိုင်းသူ ဟာ တစ်ဖက်သားရဲ့ မျှော်လင့်ချက်ကို ပြိုကွဲမသွားရအောင် ကျွမ်းကျင် ပျော့ပျောင်းဖို့ လိုပါတယ်။ တစ်ဖက်သားရဲ့ ယုံကြည်ချက်ကို လေးစားဖို့

လိုပါတယ်။ ဒီလို ချစ်သူရဲ့ အယူဝါဒကို ပြောင်းလဲ သက်ဝင်သွားမှသာ၊ ဒါမှမဟုတ်ရင်လည်း ချစ်သူရဲ့ အယူဝါဒကို လေးစားမှသာ အချစ်ဟာ ခိုင်မြဲနိုင်ပါတယ်။ ကိုယ့်ချစ်သူရဲ့ အယူဝါဒကို မျှဝေ သက်ဝင်ယုံကြည်နိုင်မှသာလျှင် ချစ်သူဘဝမှာ ပျော်ရွှင်မှု ကို ရနိုင်ပါလိမ့်မယ်။ ဒီနည်းအားဖြင့် ကျွန်တော် တို့ရဲ့ အသိဉာဏ်ဆိုင်ရာ အင်အားစု ဒါမှမဟုတ် ခံစားချက်ဆိုင်ရာ အင်အားစုဟာ မိမိတို့ ရွေးချယ်ထားတဲ့ ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။ အချစ်က တိုက်တွန်းလှုံ့ဆော်မှု လို့ လုပ်လိုက်ရတဲ့ ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။ အချစ်က တိုက်တွန်းလှုံ့ဆော်လို့ လုပ်လိုက်ရတဲ့ အရာတိုင်းဟာ ကြည်နူးစရာ၊ ပျော်စရာ ကောင်းလှပါတယ်။ လောကမှာ အချစ်နဲ့ အလုပ် လုပ်ခြင်းကို မှန်ကန်စွာ ပေါင်းစပ်နိုင်တဲ့ အရာလောက် ပျော်စရာ၊ ကြည်နူးစရာ ကောင်းတဲ့ အရာရယ်လို့ တစ်ခုမှ မရှိပါဘူး။ ဒီလို မှန်ကန်စွာ ပေါင်းစပ်ပေးနိုင်တဲ့အတွက် ဥပ္ပါသကာ ဥပါသကီ ဇနီးမောင်နှံတွေ အများ ကြီး ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့ဟာ ဇနီးအောင်နှံမျှသာ မဟုတ်ကြတော့ပါဘူး။ ယုံကြည်ချက် တစ်ခု၊ အလုပ်တစ်ခုကို အတူပူးတွဲ လုပ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်လာကြပါတယ်။ ဒီနေရာမှာ တော့ ပိုးပန်းခြင်းဟာ အရာမရောက်တော့ပါဘူး စိတ်ချင်း၊ သဘောချင်း၊ သက်ဝင် ယုံကြည်မှု ချင်း ပေါင်းဖော်မှု ဟာ အဓိက ဖြစ်လာပါတော့တယ်။

*

ပိုးပန်းတဲ့အကြောင်းကို ပြောရဦးမယ်။

ပိုးပန်းမှု တစ်ခုဟာ အချိန်တိုချင် တိုနိုင်တယ်။ ကြာချင် ကြာနိုင်တယ်။ သိမ်မွေ့နူးညံ့ချင် နူးညံ့နိုင်တယ်။ ရိုးစင်းချင် ရိုးစင်းနိုင်တယ်။ ဘယ်လို ဖြစ် ဖြစ် ပိုးပန်းမှု ပြီးရင်တော့ အချစ်ဟာ ပေါ်ပေါက် လာရတော့တာပါပဲ။ ဒါပေမယ့် အချစ်ရဲ့ အရွယ်မရောက်မီ အသေအပျောက်နှုန်းဟာ များ လွန်းလှပါတယ်။ ဒါကြောင့် မို့ အချစ်ကို ဂရုစိုက်ပြီး သင့်လျော်တဲ့ အစာအာဟာရ တို့ကိုတော့ ကျွေးရလိမ့်မယ်။ ချစ်သူနှစ် ယောက် ကို တစ်ယောက် နဲ့ တစ်ယောက် ဆွဲဆောင်ကြတဲ့ ဆွဲဆောင်မှု တွေ မှာ အစွမ်းထက်ဆုံး ဆွဲဆောင်မှု တစ်ခု ကတော့ တစ်ယောက် နဲ့ တစ်ယောက် အသစ်အဆန်းတွေ ဖြစ်အောင် လုပ်ဖို့ ကိစ္စပါပဲ။ အသစ်အဆန်းဆိုတော့ တစ်ယောက် နဲ့ တစ်ယောက် ဆွဲဆောင်မှု

ရှိကြတယ်။ ဒါပေမယ့် အသစ်အဆန်းဟာလည်း ကြာတော့ ရိုးအီသွားတတ်တယ်။ ချစ်စ ခင်စ ကြင်နာစမှာ တော့ တစ်ယောက် ကို တစ်ယောက် အသစ်တွေ ့ရှိချက်တွေ လေ့လာခဲ့ကြတယ်။ ငယ်ငယ်က အကြောင်းကို ပြောကြတယ်။ မိတ်ဆွေတွေ အကြောင်းကို ပြောကြတယ်။ သီချင်းတွေ ကို ဆိုပြကြတယ်။ ရယ်စရာတွေ ကို ပြောပြကြတယ်။ အပွေ့အဖက်၊ အယုအယတွေ နဲ့ ကြည်နူးကြတယ်။ ချစ်ဦးသူတို့ရဲ့ ပျော်စရာ နေ့သစ်တွေ ပါပဲ၊ ဒါပေမယ့် ကြာလာတော့ ပြောစရာတွေ ကုန်သွားကြတယ်။ တစ်ချိန်တုန်းက ရယ်စရာကောင်းတယ်လို့ ထင်ရတဲ့ ရယ်စရာ စကားတွေ ဟာလည်း ငြီးငွေ့စရာ ကောင်းသွားပြီး ပျင်းခြောက်ခြောက် ဖြစ်လာတတ်ကြတယ်။ ပျော်ပွဲစားရုံတွေ ထဲမှာ တစ်ယောက် နဲ့ တစ်ယောက် စကားမပြောမကြတော့ဘဲ ငူငူကြီးထိုင်နေကြတဲ့ စုံတွဲ တွေ ကို တွေ ့ဖူးတယ် မဟုတ်လား။ အတူနေရတာ ကြာသွားလေတော့ သူတို့ နှစ် ယောက် ရဲ့ တိတ်ဆိတ်မှု ဟာလည်း ရှည်လျားလာလေလေ ဖြစ်လာတော့တာပါပဲ။

ဒါပေမယ့် ဒီလို ဖြစ်လာတာဟာ အချစ်ကို ခံစားတတ်သူတွေ ၊ အချစ်ကို အစဉ်အမြဲ ဆန်းသစ် လတ်ဆတ်နေအောင် မလုပ်တတ်တဲ့ သူတွေ မှာ သာ ဖြစ်လေ့ရှိပါတယ်။ တကယ်ချစ်တဲ့သူတွေ ကတော့ ကိုယ့်ချစ်သူရဲ့ အတွေးထဲကို နေ့စဉ် လှည့်ပတ်သွားလာ နေရတာ ကို ပျော်မွေ့တတ်ကြပါတယ်။ ဥယျာဉ်မှူးဟာ သူ့ပန်းပင်ကြားထဲမှာ ညနေတိုင်း လှည့်ပတ်သွားလာရတာ ကို ပျော်သလိုပေါ့။ တစ်ချို့ ကတော့ ကိုယ်ချစ်သူ ပေါ်မှာ သစ္စာရှိတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ အချစ်ကို အလေးအနက် သဘောထားကြလို့ ဖြစ်တယ်။ တစ်ချို့ ကျတော့လည်း အိမ်ကို တွယ်တာပြီး ရက်တတ် ကြောက်တတ်တဲ့ အတွက် ကိုယ့်ချစ်သူ အပေါ်မှာ သစ္စာ ရှိကြတာ ဖြစ်တယ်။

တစ်ချို့ ပျော်ရွှင်တဲ့ အိမ်ထောင်စုများ ဟာ လင်နဲ့ မယားနှစ် ယောက် စလုံး အပြင်လောကကို ထွက်ရတာ ၊ အပြင်လောကနဲ့ ဆက်ဆံရတာ ကို မနှစ်သက် လို့ ကိုယ်တွေ ့နေကျ အသိုက်အဝန်းကလေး၊ ကိုယ်မြင်နေကျ ပန်းဝန်းကျင်လေး ထဲမှာ ပဲ ပျော်မွေ့နေချင်တဲ့ ဆန္ဒကလေး ရှိနေကြလို့ ပျော်ရွှင်မှု ကို ရကြတာ ဖြစ်တယ်။

တစ်နည်းပြောရရင် သူတို့ ပျော်ရွှင်မှု ဟာ ကိုယ့်အိမ်ကလေးထဲမှာ လုံလုံခြုံခြုံ

နေလိုတဲ့ ဆန္ဒပေါ်မှာ တည်ဆောက်ထားကြတာ ဖြစ်တယ်။ ဒါပေမယ့် သည့်ထက် အချစ်ပြင်းထန်သူဟာ သူ့ကိုယ်သူ အသစ် ဖြစ်နေအောင် လုပ်ရမယ်။ ချစ်သူကို ကျေနပ်မှု ပေးတဲ့ နည်းတွေ ဟာ တစ်နေ့ပြီး တစ်နေ့ သုံးဖန်များ လာတော့ ကြာလာတဲ့အခါမှာ ရိုးပြီး ကုန်ခန်းသွားတတ်တယ်။ ဒါပေမယ့် ချစ်သူကို ကျေနပ်အောင်၊ ကြည်နူးအောင်တော့ လုပ်ကြရမှာ ပဲ။ တစ်ခါတစ်လေမှာ ဒီလို ကိုယ့်ချစ်သူ ကျေနပ်အောင် တမင် ကြိုး စားမနေဘဲ အလိုလို မသိမသာ နေထိုင်ပြောဆို သွားတာတွေ ဟာ အချစ်ကို လန်းဆန်းစေတတ်ပါတယ်။ အမှန် ကတော့ လူ တစ်ယောက် မှာ စွဲမက်စရာကလေး ရှိနေရင် ဒီစွဲမက်စရာလေးဟာ ဘယ်တော့မှ ပျောက်ပျက်မသွားတတ်ပါဘူး။ စွဲမက်ဖွယ် အချစ်မွေကလေးဟာ ဘယ်တော့မှာ ကုန်ခမ်းမသွားတတ်ပါဘူး။

*

လူတွေ ကို မငြီးငွေ့အောင် လုပ်နိုင်တဲ့ အတတ်ပညာရယ်လို့ မရှိတော့ဘူးလား။ လူတွေ မငြီးငွေ့အောင် လုပ်တဲ့ သော့ ချက် ကတော့ ပင်ကိုယ်အနေအထားအတိုင်း ရှိဖို့ပါပဲ။ ပင်ကိုယ်မဟုတ်တဲ့၊ သဘာဝမကျတဲ့ အပြုအမူတစ်ခုဟာ ချစ်ခင်နှစ် လိုဖွယ် မကောင်းပါဘူး။ ဆွဲဆောင်မှု မရှိပါဘူး။

သဘာဝမကျတဲ့၊ ဟန်ဆောင်တဲ့ အပြုအမူတစ်ခုဟာ ချစ်စရာ မကောင်းပါဘူး။ ဟန်ဆောင်လိုက်တဲ့သဘော ပေါ်လာတာနဲ့ ချစ်စရာကလေးတွေ ဟာ ပျောက်ကွယ်သွားတတ်ကြပါတယ်၊ ဉာဏ်ရှိတဲ့ ချစ်သူ ကတော့ ကိုယ့်ချစ်သူရဲ့ ပင်ကိုယ်ဝါသနာ၊ ပင်ကိုယ်စရိုက်ကလေးတွေ ကို ထိန်းသိမ်းထားဖို့ ကြိုး စားလေ့ ရှိပါတယ်။ တစ်ချို့ ယောကျာ်းတွေ ဟာ မိန်းမတွေ ကို ပုံသွင်းချင်ကြတယ်။ အတွေးအခေါ်တွေ ကို ရိုက်သွင်းချင်ကြတယ်။ ဝါသနာတွေ ကို အတင်း ပြောင်းစေချင်ကြတယ်။ ဒါ ကတော့ သက်သက် မိုက်မဲတာပဲ ဖြစ်ပါတယ်။ မိန်းမ တစ်ယောက် ဟာ ကိုယ့်ရည်မှန်းချက်တွေ ၊ ကိုယ့်စိတ်ကူးချက်တွေ နဲ့ မကိုက်ညီပဲ ကွဲပြားနေတယ်ဆိုရင် မချစ်ရုံဘဲ ရှိပါတယ်။ ဒါပေမယ့် မိန်းမကို ရွေးချယ်မိပြီ၊ ချစ်မိပြီဆိုရင်လည်း သူ့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ကို တားဆီးနှောင့်ယှက်ခြင်း မပြုသင့်ပါဘူး။ မိတ်ဆွေ ဆက်ဆံရေး မှာ ပဲ ဖြစ် ဖြစ်၊ အချစ်မှာ ပဲ

ဖြစ် ဖြစ် ကျွန်တော် တို့ ဟာ ဟန်မဆောင်ရတဲ့၊ ရှက်ကြောက်အားနာ မ ဖြစ်ရတဲ့ သူတွေ နဲ့ တွေ့ရတာ ကို ပျော်တတ်ကြပါတယ်။

လိမ္မာတဲ့ ချစ်သူဟာ သာယာတဲ့ နေရာများ မှာ ကိုယ့်ချစ်သူနဲ့ တွေ့နိုင်အောင် အမြဲသတိထား ရွေးချယ်လေ့ ရှိကြပါတယ်။ လက်ထပ်ပြီးခါစ ကြင်စဦး ဇနီးမောင်နှံတို့ ပျားရည်ဆမ်းခရီးထွက်တဲ့ အင်မတန်ကောင်းတဲ့ ဓလေ့ထုံးစံဟာ အဲဒီ စိတ်ကူး၊ အဲဒီ အတွေးက ပေါ်ထွက်လာခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ ပျားရည်ဆမ်း ခရီးတွေ ဟာ သိပ်ပြီး မကြာဖို့ သတိပြုသင့်ပါတယ်။

အချစ်ဝင်နေတဲ့ မိန်းမ တစ်ယောက် ဟာ သူနဲ့ လိုက်လျောညီပေမယ့် ပတ်ဝန်းကျင်ကို ပကတိစိတ် အရကောင်းကောင်း ရွေးချယ်တတ်တယ်။ တချို့ အမျိုး သမီးများ ကတော့ သဘာဝအနုပညာရဲ့ ညှို့ဓာတ်တွေ ကို ဘယ်လို အသုံးချရမယ်ဆိုတာကို ကောင်းကောင်း သိကြတယ်။ သူတို့ ချစ်သူတွေ ဟာ ဘယ်အချိန်မှာ လူသူကင်းရှင်းရာမှာ လွတ်လပ်စွာ နေချင်သလလဲ။ ဘယ်အချိန်မှာ ရုပ်ရှင်တို့၊ ဇာတ်ပွဲတို့ကို သွားချင်သလဲ။ ဘယ်အချိန်မှာ ချစ်သူနဲ့ နှစ် ယောက် မြို့ ထဲလျှောက်လည်ချင်သလဲ ဆိုတာတွေ ကို အလိုလို သိနေတတ်ကြတယ်။ အများ အားဖြင့် မိန်းမများ ဟာ ယောကျ်ားတွေ ထက် လူမှု ရေး ကို နားလည်ကြတယ်။ ဒါကြောင့် မို့ ယောကျ်ားတွေ ရဲ့ အချစ်နဲ့ ပျော်ရွှင်မှု ကို မိန်းမတွေ လက်ထဲမှာ လွှဲထားသင့်တယ်။

ယောကျ်ား တစ်ယောက် ဟာ ကိုယ့်အပေါ်မှာ စိတ်ကောင်းစေတနာထားတဲ့ မိန်းမ တစ်ယောက် ကို၊ ကိုယ့်အပေါ် ယုယ ကြင်နာတတ်တဲ့ မိန်းမ တစ်ယောက် ကို ငြီးငွေ့အောင် မလုပ်ချင်ဘူး ဆိုရင် အဲဒီ မိန်းမရဲ့ ဘဝမှာ အချစ်ဟာ ဘယ်လောက် အရေး ကြီးတဲ့ အခန်းက ပါနေသလဲဆိုတာကို နားလည်ထားရလိမ့်မယ်။

ဒသ နဆိုင်ရာ တွေ းခေါ်မှု တောင်ထိပ်၊ ဒါမှမဟုတ် အယူအဆဆိုင်ရာ တွေ းခေါ်မှု တောင်ထိပ်မှာ ရပ်ပြီး အဲဒီ တောင်ထိပ်ကနေ အမျိုး သမီး တစ်ယောက် ရဲ့ ရည်မှန်းချက်တွေ ၊ စိတ်ကူး မျှော်မှန်းချက်တွေ ကို အထင်သေး အမြင်သေးနဲ့ ကြည့်မြင်ခဲ့ရင် အဲဒီ ယောကျ်ားလောက် မိုက်မဲတဲ့ လူဟာ လောကမှာ ရှိမယ်မထင်ပါဘူး။ အဲဒီ မိန်းမရဲ့

အတွေးအခေါ်များ၊ ရည်မှန်းချက်များ ဟာ ရိုးသား ရှင်းလင်းပြီး ပိုအမြော်အမြင် ကြီးလေတော့ ယောကျ်ားရဲ့ အတွေးအခေါ်တွေ နဲ့ ကွဲပြားခြားနားနေတယ်။ ယောကျ်ားဟာ ကိုယ့် ဇနီးသည်နဲ့ စိတ်ဝမ်းကွဲပြား နေတယ်၊ သဘောထားချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေတယ် ဆိုရင် ငြင်းခုံခြင်းဖြင့် ကိုယ့်ဘက်ကိုပါလာအောင် ဘယ်နည်းနဲ့မှ ဆွဲဆောင်နိုင်မှာ မဟုတ်ဘူး။ ချစ်ခင်ယုယတဲ့နည်း၊ သည်းခံမှု၊ တိတ်ဆိတ်နေခြင်း စတဲ့နည်းတွေ နဲ့ သာလျှင် ကိုယ့်ဘက်ကို ပါလာအောင် ဆွဲဆောင်နိုင်လိမ့်မယ်။ သူ့ဘဝ တစ်လျှောက်မှာ မိန်းမဟာ အာရုံကြောအားနည်းမှု နဲ့ သားကောင် ဖြစ်တယ်ဆိုတာကို သတိပြုလိမ့်မယ်။

မိန်းမ တစ်ယောက် ရဲ့ စိတ်ဟာ ပင်လယ်လှိုင်းတွေ ရဲ့ လှုပ်ရှားမှု နဲ့ တူတယ်လို့ ကျွန်တော် ထင်တယ်။ ဉာဏ်အမြော်အမြင် ရှိတဲ့ယောကျ်ားဟာ ဘယ်တော့မှ စိတ်ပျက်ခြင်း မရှိဘူး။ မုန်တိုင်းထဲ ရောက်နေတဲ့ မာလိန်မှူး တစ်ဦးလို သူက ရွက်တွေ ကို လျှော့တယ်။ အချိန်အခါကို စောင့်တယ်။ မျှောက်လင့်ချက် ထားတယ်။ မုန်တိုင်းဟာ မာလိမ်မှူး ရဲ့ ပင်လယ်ချစ်တဲ့ စိတ်ဓာတ်ကို ပျောက်ကွယ်သွားအောင် မလုပ်နိုင်ဘူး။

*

ကိုယ့်ချစ်သူကို ငြီးငွေ့မသွားစေဖို့ အတွက်နှစ် ဦး နှစ် ဖက်စလုံးက လိုက်နာမယ့် စည်းကမ်းတွေ ရှိတယ်။ ပထမအချက် ကတော့ သိပ်ပြီး ခင်မင် ရင်းနှီးလာကြတဲ့ အခါများ မှာ လည်း ပထမဆုံးအကြိမ် တွေ့စတုန်းကလိုပဲ တစ်ယောက် နဲ့ တစ်ယောက် ယဉ်ကျေးသိမ်မွေ့တတ်တဲ့ ပြသဖို့ ဖြစ်တယ်။ အမျိုး ကောင်း သားသမီးများ ဟာ ပင်ကိုယ်အားဖြင့် ယဉ်ကျေးသိမ်မွေ့တတ်တဲ့ သဘာဝရှိတိတ်ကြတယ်။ စကားပြောရင်လည်း ယဉ်ကျေးသိမ်မွေ့တဲ့ ဘသာဝ ရှိတတ်ကြတယ်။ စကားပြောရင်လည်း ယဉ်ကျေးသိမ်မွေ့ကြတယ်။ ဒုတိယအချက် ကတော့ ဘယ်လို အခြေအနေ မျိုး မှာ ပဲ ဖြစ်စေ (ဟာသဉာဏ်) ပျော်ရွှင်ကြည်နူးတဲ့ စိတ်ထားမျိုး ရှိရမယ်။ ကိုယ့်ကိုယ်ကို လှောင်ပြောင် သရော်ပစ်နိုင်ရမယ်။ တစ်ယောက် နဲ့ တစ်ယောက် ကြားမှာ ရှိတဲ့ သဘောကွဲလွဲချက်များ ကို အရေး မကြီးဘူးလို့ သဘောထား နိုင်ရမယ်။ မကျေမနပ်ချက်တွေ ကို စုပြုံမှိုသိပ်ပြီး အရေး တကြီး ထားနေတာမျိုး မ ဖြစ်စေရဘူး။ အတိတ်က ရန် ဖြစ်ခဲ့တာတွေ ကို တွေးခြင်းဖြင့် မစ္စု

ပွန် စိတ်ဆင်းရဲမှု ကို ပိုကြီးမား နက်ရှိုင်းအောင် မလုပ်ရဘူး။ တတိယ အချက် ကတော့ ကျိုးကြောင်း ညီညွတ်တဲ့ အတိုင်းအတာအထိ ချစ်သူနှစ် ဦးကြားမှာ မနာလို ဝန်တိုမှု ရှိအောင် လုပ်ပေးရမယ်။ သဘော ကတော့ ချစ်သူနှစ် ဦးကြားမှာ တစ်ယောက် ကို တစ်ယောက် ဥပေက္ခာ ပြုထားတာမျိုး ၊ မယုံသင်္ကာ ဖြစ်နေတာမျိုး မရှိသင့်ဘူး။ တစ်ယောက် ကို တစ်ယောက် ဥပေက္ခာ ပြုတာမျိုး ၊ မယုံသင်္ကာ ဖြစ်နေတာမျိုး နှစ် ယောက် စလုံးကို နာကျင်စေတယ်။ စတုတ္ထအချက် ကတော့ တစ်ခါတစ်ရံမှာ ခွဲခွာနေခြင်းအားဖြင့် အချစ်ပုံဆောင်ခဲကို အသစ် ဖြစ်အောင် လုပ်ပေးတာမျိုး ရှိရမယ်။ ချစ်သူနှစ် ဦး သို့မဟုတ် လင်နှင့် မယားတို့ အချစ်မှ ခွင့်ရက်ရှည် ယူကြခြင်းဟာ အန္တရာယ် များ သော်လည်း အဲဒီ ခွက်ရက်များ ဟာ သိပ်လည်း မကြာဘူး၊ ဒီကြားထဲမှာ စာချင်း အဆက်အသွယ်တို့ ဘာတို့လည်း ရှိနေမယ် ဆိုရင်တော့ အကျိုး များ နိုင်ပါတယ်။ တစ်ခါတစ်လေကျတော့ လူနှစ် ဦးဟာ သိပ်အတွေ့များ ကြလို့ ဖြစ်စေ၊ ပျင်းရိနေကြလို့ ဖြစ်စေ သူတို့နှစ် ယောက် စကားတွေ ထဲမှာ ကြင်နာနူးညံ့တဲ့ အသံတွေ လျော့ပါးလာတတ်ကြတယ်။ ဒီလို အခါမျိုး မှာ တစ်ယောက် နှင့် တစ်ယောက် စာတွေ အပြန်အလှန်ရေး ပြီး အဲဒီ ပျောက်ဆုံးစ ပြုနေတဲ့ ကြင်နာမှု ကို ပြန်လည်ရ ယူသင့်တယ်။ နောက်ဆုံး အချက် ဖြစ်ပြီး လူတွေ သတိမပြုတဲ့ အချက် ကတော့ ကိုယ့်ချစ်သူကို ဆက်လက် ပိုးပန်းနေဖို့ပါပဲ။

"ဘယ်လို ဖြစ်တာလဲ၊ ကျွန်တော် နဲ့ သူ ချစ်သူ ဖြစ်နေကြပြီ ဗျ၊ (ဒါမှမဟုတ် အကြင်လင်မယား ဖြစ်နေကြပြီဗျ)၊ ဒါကို ဆက်ပြီး ပိုးပန်းတာတွေ လုပ်နေရဦးမှာ လား" လို့ မေးကော်းမေးကြလိမ့်မယ်။

ကိုယ့်ချစ်သူကို ကိုယ်တိုင်က ငြီးငွေ့နေပြီ ဆိုရင်တော့ ကိုယ့်ချစ်သူ မငြီးငွေ့အောင် ဆက်လက် ကြိုး စားနေခြင်းဟာ အချည်းအနှီးသော အတတ်ပညာ တစ်ခုပဲ ဖြစ်လိမ့်မယ်။ ဒီတော့ ကိုယ်တိုင်က သူ့အပေါ်မှာ ငြီးငွေ့ခြင်း မ ဖြစ်ရလေအောင် လုပ်တဲ့ အတတ်ပညာများ ကော မရှိတော့ဘူးလား။ ဒါမှ မဟုတ်ရင်လည်း လောကမှာ လူနှစ် ဦး ရှိတယ်။ အဲဒါ ကတော့ သစ္စာရှိသူနဲ့ သစ္စာမရှိသူ၊ ဒါမှမဟုတ် ပြောင်းလဲတတ်သူနဲ့ မပြောင်းလဲတတ်သူတို့ ဖြစ်တယ်။ ကိုယ်က တစ်မျိုး ဖြစ်နေရင် ဟန်ဆောင်မနေတာ

ကောင်းတယ်လို့ပဲ ကျွန်တော် ပြောင်ဖွင့်ပြောကြရတော့မှာ လား။

ကျွန်တော့် အဖြေ ကတော့ အခြားနေရာများ မှာ လိုပဲ ဒီနေရာမှာ လည်း သဘာဝက အဖြေတွေ ကို ပေးထားပြီး ဖြစ်ပါတယ်။ ဒီအဖြေတွေ ကို ကျွန်တော် တို့က ရှာကြည့်ပြီး အ ဖြစ်အပျက်နဲ့ ညှိနှိုင်း တွက်ချက်ကြည့်ဖို့ပဲ လိုပါတယ်။ လူတွေ ဟာ မွေးလာကတည်းက ပြောင်းလဲခြင်း မရှိ မွေးဖွားလာကြတာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့ရဲ့ အချစ်တွေ ဟာလည်း အပြောင်းအလဲတွေ ကို တွေ့ခဲ့ကြုံခဲ့ကြရတာ ပါ။ တစ်ချိန် ကတော့ စိတ်ဓာတ်အရ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ပါးပါး၊ ပလီပလာ၊ ခရာတာတာ နေချင်ကြတယ်။ ဒါပေမယ့် အေးစက်စက် ထုံထိုင်းထိုင်း ချစ်သူနဲ့ တွေ့ကြရတယ်။ အဲဒီ လို အခါမျိုး မှာ သူတို့က ကျင့်ဝတ်ကို စောင့်ထိန်းနေရင် သူတို့မှာ သစ္စာရှိတယ်လို့တော့ ပြောနိုင်ပါရဲ့။ ဒါပေမယ့် ပျော်ရွှင်မှု ကို မရကြဘူး။ ကျင့်ဝတ်ကို စောင့်ထိန်းခြင်း မပြုခဲ့ရင်တော့ သူတို့ဟာ သူတို့ကျေနပ်တဲ့ ချစ်သူမျိုး ကို မတွေ့မချင်း ရည်းစားတွေ တစ်ယောက် ပြီး တစ်ယောက် ထည့်လဲထားပြီး သစ္စာမဲ့တဲ့ ဘဝ၊ ရည်းစား တစ်ယောက် ပြီး တစ်ယောက် တွဲ နေရတဲ့ ဘဝမျိုး ရောက်နေဦးမှာ ပဲ။ သူတို့ ကျေနပ်တဲ့သူကို တွေ့တော့မှပဲ သူ ဟာ ရတ်တရတ် ခြေငြိမ်ကျသွားတော့မှာ ပဲ။ သင့်လျော်တဲ့ အဖော်ကို တွေ့တာနဲ့ ရည်းစား တစ်ယောက် ပြီး တစ်ယောက် လျှောက်တွဲ နေတဲ့ ဘဝဟာ ရတ်တရတ် အဆုံးသတ်သွားတတ်တယ်။

ဒါတွေ ကတော့ ခန္ဓာကိုယ် အားဖြင့် တည်ငြိမ်မှု မရှိတဲ့ သဘောကို ပြတဲ့ ဥဒါဟရုဏ်တွေ ပါပဲ။ ထားပါတော့ .. ဒါဖြင့် စိတ်ဓာတ်အရ မတည်ငြိမ်မှု တွေ ရှိကြသော လည်း ယောကျ်ားတွေ ဟာ အမြဲတမ်း သွေးသားတောင့်တမှု ရှိနေကြတာ မဟုတ်ပါဘူး။ မိန်းမတွေ ကတော့ မကြာခဏ ဆိုသလို အေးစက်နေလေ့ ရှိကြတယ်။ ဒါကြောင့် မို့ မိန်းမကို အောင်မြင်ခဲ့ရင် ယောကျ်ားဟာ သူ့ကိုယ်သူ ဂုဏ်ယူ ကျေနပ်လို့ မဆုံးတော့ဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်ချက် မရှိတဲ့ မိန်းမ သို့မဟုတ် ယောကျ်ား တစ်ယောက် ရဲက မာနကို အစာကျွေးရတယ်။

ဘိုင်ရွန်ဟာ ပထမဆုံး အကြိမ်အ ဖြစ် မိန်းမပျိုကလေး တစ်ယောက် ကို ချစ်တော့ မိန်းမပျိုလေးက ‘ကျွန်မက ရှင့်လို မသန်းစွမ်း ဒုက္ခိတ တစ်ယောက် ကို

ဘယ်နှယ့်လုပ် စိတ်ဝင်စားမှာ လဲ’ လို့ ပြန်ပြောလိုက်တယ်။ ဘိုင်ရွန်ဟာ သူ့တစ်သက်တာမှာ ဒီစကားကို ဘယ်တော့မှ မမေ့နိုင်တော့ဘဲ မိန်းမတွေ ကို လက်စားချေတော့တာပဲ။ မိန်းမ တစ်ယောက် ဟာ သူ သိက္ခာမြှမ်းခဲ့တဲ့ ‘အဆက်’ တစ်ယောက် ကို ရုတ်တရက် ချက်ချင်း အဆက်ဖြတ်ချင် ဖြတ်ပစ်လိုက်တယ်။ ဘာ ဖြစ်လို့လဲဆိုတော့ သူ့ကိုယ်သူ အရုပ်ဆိုးတယ်လို့ ယူဆလိုက်လို့ပဲ။ သူ့အဖို့ ကိုယ့်ကို ရှိသေလေးစားမှု ကို အားဖြည့်ပေးဖို့လိုတယ်လေ။ စိတ်ကူးယဉ်တဲ့၊ တနည်းပြောရရင် တကယ့်ဘဝနဲ့ ကင်းကွာတဲ့ ကလေးဘဝ တစ်ခုဟာ ဘယ်တော့မှ အကောင်အထည်ဖော်လို့ မရနိုင်တဲ့၊ ဘယ်တော့မှ ဖြည့်စွမ်းခြင်း အပြုနိုင်တဲ့ စိတ်ကူးစိတ်သန်းတွေ ကို မွေးဖွားပေးတတ်ပါတယ်။ ရှာတိုဘရိုင်းယန်းဟာ မိန်းမတွေ ကို တစ်ယောက် ပြီး တစ်ယောက် ထည်လဲ တွဲ ခဲ့တယ်။ ဘာ ဖြစ်လို့လဲဆိုတော့ သူငယ်ငယ်တုန်းက သူဟာ ရမ္မက်သွေး သိပ်ဆူပြီး အဲဒီ ရမ္မက်ကို ပြေပျောက်အောင် ဖြည့်စွမ်းနိုင်တဲ့ မိန်းမမျိုး ကို ရှာခဲ့တယ်။ အငယ်အနှောင်းတွေ တစ်ယောက် ပြီး တစ်ယောက် ယူခဲ့ပေမယ့် ပြေပျောက်ခြင်း မရှိပါဘူး။ အသက်ကြီးလာတော့ သူ့စိတ်ကူးစံပြထားတဲ့ မိန်းမမျိုး ဖြစ်တဲ့ ဂျူး လီးယက် ရေကာမီယာကို သွားတွေ့ ကခဲ့တာပါ။

***

ဘာသာတရားမှာ တကယ် သီလစင်ကြယ် မြင့်မြတ်တယ်ဆိုတာ အကျင့်တွေ ကို အရမ်းကျင့်၊ တရားဘာဝနာတွေ ကို အရမ်း အားထုတ်တိုင်း ဖြစ်တာမဟုတ်ဘူး။ နိဝါတတရားအရ မိမိကိုယ်ကို မိမိ နှိမ်ချခြင်း၊ သနားကြင်နာခြင်း၊ အလှူဒါနပေးခြင်း စတဲ့ အရာတွေ လုပ်ရင်လည်း မြတ်တဲ့ အ ဖြစ်ပါပဲ။

အချစ်မှာ လည်း အလားတူပါပဲ။ စစ်မှန်တဲ့ အချစ်ဆိုတာ အာသာ ရမ္မက်တွေ ကို ပြနေတာမျိုး မဟုတ်သင့်ပါဘူး။ နေ့စဉ် နေထိုင်မှု ဘဝမှာ ပြည့်စုံခြင်း ပြေပြစ် ညီညွတ်မှု ရှိမှသာလျှင် ရနိုင်ပါတယ်။ ပုံဝတ္ထုတစ်ခု ရှိပါတယ်။ တစ်ခါတုန်းက သီလရှင်ကလေး တစ်သီးဟာ ရှင်ထရီဇာဆီကို သွားပြီးတော့ တရားတောင်းပါသတဲ့။ ဒီသီလရှင်ကလေး ကတော့ သူတော် ရှင် ထရီဇာက တန်ခိုး ပြဋ္ဌိဟာတွေ ကို ပြတော့မှာ ပဲလို့ထင်တာပေါ့။

ဒါပေမယ့် ရှင် ထရီဇာက သူတည်ထောင်ထားတဲ့ သီလရှင်ကျောင်းကို ခေါ်သွားတယ်။ ပြီး..... အဲဒီ ကျောင်းမှာ ဆင်းရဲ ဒုက္ခတွေ ၊ ပင်ပန်းတဲ့ အလုပ်တွေ ၊ ဆုံးရှုံးမှု တွေ နဲ့ ကြုံတွေ့ခဲ့ရတယ်။ နောက်ဆုံးတော့ သီလရှင်ကလေးဟာ မနေနိုင်တော့ဘဲသူ့ကို မြင့်မြတ်တဲ့ တရားထူးကို ပြမယ်ဆိုတာ ဘယ်တော့ ပြမှာ လဲလို့ မေးတယ်။ ဒီတော့ ရှင်ထရီဇာက တရားထူး တရားမြတ်ဆိုတာ တခြားမဟုတ်ဘူး။ ဘဝရဲ့ ဒုက္ခတွေ ကို နေ့စဉ်နဲ့ အမျှ ချစ်ခင်မှု ၊ စိတ်ရှည်မှု နဲ့က ရင်ဆိုင်နိုင်တာဟာ တရားပဲ။ တို့ကျောင်းမှာ တို့ကျင့်နေတဲ့ အရာဟာ အဲဒီ တရားပဲလို့ ပြန်ပြောပါတယ်။

အချစ်ကံကောင်းသူများ ဟာ အံ့ဩစရာ ကောင်းလောက်အောင်ချစ်နိုင်စွမ်း ရှိကြတယ်။ သူတို့ရဲ့ အချစ်နိုင်စွမ်းဟာ ဘာနဲ့ အလားသဏ္ဌာန်တူသလဲ ဆိုရင် နွေဦးရက်များ နဲ့ တူတယ်။ အဲဒီ နွေဦးရက်များ မှာ နေခြည်းကလည်း နွှန်းနွှန်းလဲ့လို့၊ နွေးထွေးလို့၊ လောကကို ချော့မြှူသိပ်လို့။ တိမ်စတိမ်မျှင်ဆိုလို့ တစ်ခုမှ မရှိ။ ချိုင်ဝှမ်း လွင်ပြင်ထဲက အသေးငယ်ဆုံး ဆိုတဲ့ ရွာဇနပုဒ်ကလေးကလည်း နေခြည်ထဲမှာ လှလို့။ ဒီလို ကြည်မောစရာကောင်းတဲ့ နေမျိုး ၊ ဒီလို မျှော်လင့်ချက်တွေ ပြည့်လျှမ်းစေတဲ့ နေမျိုး ဟာ ကျွန်တော် တို့ကို နောင်လာတော့မယ့် မည်း မှောင်တဲ့ မုန်တိုင်းကြီးကို ရင်ဆိုင်နိုင်စွမ်း ရှိအောင် ခွန်အားသတ္တိကို ပေးခဲ့တာ အမှန်ပဲ။

နွေရက်တွေ ပဲ ဖြစ် ဖြစ်၊ အချစ်ပဲ ဖြစ် ဖြစ် လောကမှာ ရှိရှိသမျှ အရာအားလုံးဟာ သူ့သက်တမ်းစေ့ရင် ကုန်ဆုံး မေ့လျော့ကြရမှာ ဖြစ်လေတော့ ကျွန်တော် တို့ဟာ နွေရက်ကိုသာ ချစ်တတ်ရုံမကဘဲ မှု န်မှိုင်းပြာရီ နေ့များ ၊ ဆောင်းဦး နှင်းမြူများ နဲ့ ရှည်လျားတဲ့ ဆောင်းညများ ကိုလည်း ချစ်တတ်ရပေလိမ့်မယ်။ ဒါကြောင့် မို့ စာရေး ဆရာကြီး အေဘယ်ဘွန်းနာ့ဒ်က 'အရိုးသား အစင်ကြယ်ဆုံး အချစ်သည် ပန်းရိုက်ပိုးစ တစ်ဝက်၊ ပန်းရိုက်မပါသော ပိုးစ တစ်ဝက်ဖြင့် ချုပ်ထားသော ဝတ်ရုံနှင့် တူ၏ ။။ ပန်းရိုက်ပါသော ပိုးစသည် အဖိုးတန်၍ ထူးခြားသော အသားအရောင် ရှိသဖြင့် ပန်းရိုက်မပါသော အစကို ပန်းရိုက်စထက် ပို၍ သဘောကျပေ၏ ' လို့ ရေး ခဲ့ဖူးတယ်။

ချစ်စ ခင်စ ကြင်နာစမှာ ရမ္မက်ရဲ့ ဘေးမှာ မရဲတရဲနဲ့ ဝင်ရောက်လာပြီး

နောက်မှာ ပိုင်စိုးမှု နဲ့ ထည်ထည်ဝါဝါ ရပ်လိုက်တဲ့ တည်ငြိမ်ပြီး နူးညံ့ သိမ်မွေ့တဲ့ ပျော်ရွှင်ချမ်းမြေ့မှု ဆိုတာ ဘယ်လိုအရာမျိုး လဲ။ ဒါမှ မဟုတ် ရမ္မက်ကနေ မွေးဖွားလာခဲ့၊ ရမ္မက်ကို ကျော်လွန်သွားတဲ့ အဲဒီ အချစ်ဟာ ဘယ်လို အရာလဲ။ ဘာနဲ့ ပြုလုပ်ထားသလဲ။ အဲဒီ အချစ်ကို ယုံကြည်မှု ၊ အလေ့အကျင့်နဲ့ မြတ်နိုးမှု ကို ဖွဲ့စည်း ပြုလုပ်ထားခြင်း ဖြစ်တယ်။ များသော အားဖြင့် ကျွန်တော် တို့ လူသား အားလုံးလောက်ဟာ ကျွန်တော် တို့ကို လိမ်လည်ကြတယ်။ ဒါပေမယ့် အနည်းစု ကတော့ တကယ့် စစ်မှန်တဲ့ ရိုးသားမှု နဲ့က ပွင့်လင်းတဲ့ အမျိုး သား၊ အမျိုး သမီးကို တွေ့လိုက်ရလို့ ပျော်ရတဲ့ အရသာကို ကောင်းကောင်း သိပါတယ်။

ဘယ်လို အခြေအနေမျိုး မှာ ပဲ ဖြစ် ဖြစ် ကျွန်တော် တို့ရဲ့ စိတ်အလိုဆန္ဒအတိုင်း လိုက်လျောနေထိုင်တဲ့၊ ကျွန်တော် တို့တစ်တွေ အခက်အခဲ ကြုံတွေ့ရင် ကျွန်တော် တို့ကို စွန့်ပစ်ခွာမသွားဘဲ ကျွန်တော် တို့နဲ့ အတူ ရပ်တည်တဲ့ အမျိုး သား၊ အမျိုး သမီးကို တွေ့ရလို့ ပျော်ရွှင်တဲ့ အရသာကို ကောင်းကောင်း သိကြပါတယ်။ အချို့သော သူ အနည်းငယ်တို့သာလျှင် ယုံကြည်စိတ်ချခြင်း ဆိုတဲ့ အံ့ဖွယ် ခံစားမှု ကို နားလည်ကြပါတယ်။ သူတို့ဟာ နေ့စဉ်နေ့တိုင်း အနည်းဆုံး လူ တစ်ယောက် ကိုသာလျှင် လေးလံလှတဲ့ ခမောက်စွန်းကိုမ ,ဖွင့်ပြလေ့ရှိပြီး လွတ်လပ်စွာ အသက်ရှူကြတယ်။ သူတို့ရဲ့ မျက်နှာနဲ့ သူတို့ရဲ့ နှလုံးသားကို ကြောက်ရွံ့ခြင်း မရှိ ဖွင့်လှစ် ပြသလေ့ ရှိပါတယ်။

ယုံကြည်စိတ်ချရခြင်းဟာ အလွတ် အဖိုးထိုက်တန်တဲ့ အရာ ဖြစ်ပါတယ်။ အလွန် အရေး မကြီးတဲ့ အပြုအမူများ မှာ ပင်လျှင် ယုံကြည်စိတ်ချမှု က စွဲလမ်းနှစ်သက်ဖွယ်ကို ဖြစ်စေပါတယ်။ ငယ်စဉ်တုန်း ကတော့ မိန်းမနဲ့ ယောကျ်ားဟာ နှစ် ယောက် သား ပွေ့ဖက်နိုင်ပေမယ့် အထီးကျန် အချိန်ကလေးတွေ ကို လိုက်လံ ရှာဖွေခဲ့ကြတယ်။

အခုတော့ တစ်ယောက် ကို တစ်ယောက် ယုံကြည်စိတ်ချစွာ တိုင်ပင် နှီးနှောဖို့ အထီးကျန် အချိန်ကလေးတွေ ကို လိုက်ရှာကြတယ်။ နှစ် ယောက် အတူတွဲ လမ်းလျှောက်ကြတာဟာ ငယ်ငယ်က ချိန်းပြီး တွေ့ကြတာလို အရေး ကြီးလာတယ်။ သူတို့နှစ် ယောက် ဟာ တစ်ယောက် ကို တစ်ယောက် လုံးဝ နားလည်တယ်လို့

ခံစားမိကြတယ်။ တစ်ယောက် မှာ စိတ်သော က ဖြစ်လာရင် တခြား တစ်ယောက် က ကိုယ်ခန္ဓာမှာ နာကျင်သည့်အထိ ဖြစ်ရမယ်။ တစ်ယောက် အတွက် ဆိုရင် တစ်ယောက် က အသက်ကိုတောင် စွန့်သည့်အထိ ဖြစ်ကြရတယ်။ ဒါကို တစ်ယောက် ကလည်းသိတယ်။ ဒီလို ခံစားချက်မျိုး ကို မိတ်ဆွေ သူငယ်ချင်းများ ကြားမှာ လည်း တွေ့ရတတ်ပါတယ်။ ဒါပေမယ့် ခြွင်းချက်မရှိ ပြည့်စုံတဲ့ မိတ်ဆွေ သူငယ်ချင်း အချစ်မျိုး ဆိုတာ ကတော့ အလွန်ကိုရှားပါတယ်။ ဒါပေမယ့် အချစ် ကတော့ အရိုးဆုံး၊ အထုံထိုင်းဆုံး လူ တစ်ယောက် ကိုတောင် ဉာဏ်အမြော်အမြင် ရှိလာစေပါတယ်။

သူတို့အချစ်ရဲ့ ဆောင်းဦးပေါက်ချိန်ကို ရောက်နေတဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့ ဇနီးမောင်နှံတို့ရဲ့ ဘဝကို ဘယ်လို ဖော်ပြမလဲ။ အချစ်နတ်ရဲ့ မျက်နှာဟာ သဒ္ဒါရသဘောကို မလွန်ဆန်နိုင်တဲ့ မျက်နှာ ဖြစ်နေပေမယ့် အဲဒီ အချစ်နတ်က နတ်တစ်ပါး ဖြစ်နေသေးတယ် ဆိုတာကို ဘယ်လို ဖော်ပြရမလဲ။ ပါရမီ ထူးချွန်တဲ့ တေးပြုစာဆို အကျော်အမော်တစ်ဦးက ရေး ဖွဲ့ပြီး တီးလုံးပြထားတဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်း တေးသံစုံ တစ်ပုဒ်ဟာ ကြီးကျယ် ခမ်းနားရပေလိမ့်မယ်။ သာမန် ဂီတသမားတစ်ဦး ကတော့ ဆူညံပြင်းထန်တဲ့ အကြောင်းတွေ ကို ရေး ဖွဲ့စပ်ဆိုရာမှာ သာလျှင် သာလိမ့်မယ်။ ပါစီဖ်သီချင်းကြီးရဲက ပဏာမ ခြေဆင်းပိုဒ်ရဲ့ ကြည်လင်တဲ့ တက်သံဟာ ကြားရသူရဲ့ ဝိညာဉ်ကို မကြုံစဖူး ထူးကဲတဲ့ ဝေယံအမြင့် ဆီကို ပို့ဆောင်ပေးနိုင်တယ်။ တေးပြုစာဆိုကြီး ဖရန်ရဲ့ လီကျူတေးသွားကြီးနဲ့ ဖော်ရေး ရဲ့ လီကွီယန်ဟာ ဖြိုဖျက်လို့ မရတဲ့ ဟာမိုနီရဲ့ သဘာဝကျပြီး အားကောင်းတဲ့ လက်သံကို ဖော်ပြရာမှာ စကားတွေ နဲ့ ပြောရတာ ထက် များ စွာ ထိရောက်နိုင်တယ်။

ကျွန်တော် ဟာ ခပ်စောစောတုန်းက ရီကွီယန် ဝတ်တတ် သီချင်းတစ်ပုဒ်ကို ရွတ်ပြခဲ့တယ်။ ဒါပေမယ့် ပြည့်စုံ အပြစ်ကင်းတဲ့ အချစ်သီချင်း တစ်ပုဒ်ထဲမှာ သေခြင်းဆိုတဲ့ သဘောဟာ ငေါ်တူးတဲ့ အသံတစ်ခု ဖြစ်နေတယ်။ ကိုဗင်ထရီပဲ့တိုးရဲ့ ကဗျာတစ်ပုဒ်မှာ သူ့အဖို့ ကမ္ဘာလောကကြီး တစ်ခုလုံး ဖြစ်တဲ့ မိန်းမ တစ်ယောက် ရဲ့ အလောင်းကို တွေ့တဲ့အခါမှာ ခံစားရတဲ့ လူ တစ်ယောက် ရဲ့ စိတ်ပျက်အားငယ်မှု ကို ဖော်ပြထားတယ်။ သူ့ကို စွန့်ခွာသွားရပါ့မလား ဆိုပြီး အဲဒီ မိန်းမကို ဝမ်းနည်းစွာ ၊ တမ်းတစွာ ၊ ကြင်နာသိမ်မွေ့စွာ

သူ့အပြစ်တင်တယ်။

'ဒီအရာဟာ မင်းရဲ့ ခမ်းနားပြီး တည်ကြည်သိမ်မွေ့တဲ့ အမူအရာမဟုတ်ပါလားကွယ်'

အချစ်ရေ..........

တခြားသူတွေ ကို ဘယ်တော့မှ ပူဆွေးအောင် မလုပ်တတ်တဲ့ မင်းဟာ ဒီရူလိုင်ညနေခင်းမှာ .......

မပီသတဲ့ ရုတ်တရက် စကားတစ်ခွန်း......

ထိတ်လန့်တဲ့ မျက်လုံးနဲ့ ....

အနမ်းကလေး တစ်ချက်မပါ ...

နှုတ်ဆက်စကားလေး တစ်ခွန်းမဆိုဘဲနဲ့ ....

နေ့ရက်ပေါင်းများ စွာ ကြာစေမယ့် ခရီးကြီးကို ....

မင်း... ထွက်ခွာသွားပုန်း .... ပတ်သတ်လို့ ...

မင်း... ဘယ်တော့မှ နောင်တ မရတော့ဘူးလား .....

ဒီအရာဟာ ခမ်းနားပြီး တည်ငြိမ်သိမ်မွေ့တဲ့ မင်းရဲ့ အမူအရာမဟုတ်ဘူး ...တဲ့။

သဒ္ဒါရဲ့ သဘောတရားကို မလွန်ဆန်နိုင်တဲ့ ဖြစ်ပျက်လွယ်တဲ့ လူဆိုတဲ့ သတ္တဝါတစ်ခု အပေါ်မှာ အရာရာကို ပုံချတာ ကတော့ ကြီးကျယ်မြင့်မြတ်ခြင်း ရှိသလို အန္တရာယ်လည်း ရှိပါတယ်။

ဒါပေမယ့် သေခြင်းတရားဟာလည်း အကြီးကျယ်ဆုံး အချစ်တွေ ကို ဖျက်ဆီးရာမှာ တော့ ခွန်အားမဲ့နေတတ်ပါတယ်။ တစ်ခါတုန်းက စပိန်မှာ ထူးခြားတဲ့ ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့ လယ်သူမကြီး တစ်ဦးကို ကျွန်တော် တွေ့ခဲ့ဖူးတယ်။ သူက......

'အို ... ငါ့မှာ နစ်နာချက်ဆိုလို့ ဘာမှ မရှိပါဘူးကွယ်။ ငါ့ ဘဝမှာ ဒုက္ခတွေ တော့

တွေ ့ခဲ့ရတယ်ပေ့ါလေ။ ငါ အသက် နှစ် ဆယ်လောက်တုန်းက လူငယ်လေး တစ်ယောက် နဲ့ ချစ်ခဲ့ကြတာပေ့ါ။ သူက ငါ့ကို သိပ်ချစ်တာ။ ဒါနဲ့ တို့ ... လက်ထပ်ခဲ့တယ်။ လက်ထပ်ပြီး ဘာကြာလို့လဲ၊ သူဆုံးသွားတာပဲ။ ဒါပေမယ့် ငါ့ဘ၀မှာ ပျော်ခဲ့ရပြီး ပြီလေ။ ခု ... အနှစ် ငါးဆယ်လုံးလုံး သူ့အကြောင်းကိုပဲ ငါတွေ းပြီး သူ့ကိုပဲ သတိရနေတာပဲ’ လို့ ပြောဖူးတယ်။ ဒီလောက် စိတ်မကောင်းစရာ ဖြစ်ပြီး ဒီလောက်အထီးကျန် ဖြစ်ခဲ့ရတဲ့ ဘ၀တစ်လျှောက်လုံးမှာ အလွန် အပြစ်ကင်းတဲ့ ပျော်ရွှင်မှု ကိုပြန်တွေ းနိုင်တာဟာ ဘယ်လောက်ကောင်းတဲ့ ဖြေသိမ့်မှု ပါလဲ။ ဒီလို ကိုယ့်အိမ်မက်တွေ နဲ့ အတွေ းတွေ ကို တောက်ပတဲ့ အတိတ် ရုပ်ပုံကားချပ်တွေ နဲ့က ဖြည့်ပေးနိုင်တာဟာ တခြားတော့ မဟုတ်ပါဘူး။ အပြစ်ကင်းစင်ပြီး ပြည့်စုံတဲ့ အချစ်ကြောင့် သာ ဖြစ်ပါတယ်။ ဒီလို အတွေ းမျိုး ဟာ အနုပညာလက်ရာ တစ်ခု၊ ဒါမှမဟုတ် ဘာသာတရား၊ ယုံကြည်ချက် တစ်ခုနဲ့ အားသဏ္ဍာန်တူနေပါတယ်။ ချစ်ခြင်း အနုပညာနဲ့ ပတ်သတ်လို့ နောက်ဆုံး ပြောလိုတဲ့ အချက် ကတော့ စတင်ဒယ်ပြောတဲ့စကား မဟုတ်ပါဘူး။ စတင်ဒယ် ကိုယ်တိုင် မိုးဇက်ဆီက ကြားခဲ့တဲ့ စကား ဖြစ်ပါတယ်။ ပြဇာတ်တစ်ခုကို သွားကြည့်ပြီး တေးဂီတသံ သက်သက်နဲ့ စွဲလမ်းနှစ်သက် ဖွယ် သံစဉ်တွေ ကို နားထောင်ကြည့်ပါ။ အဲဒီ အချိန်မှာ သင့်ခံစားချက် ရှုပ်ထွေး ဆန်းပြားနေရင်၊ ကြမ်းရှနေရင်၊ ဝေါ်တူးတူး ဖြစ်နေရင် သင်ဟာ ချစ်ခြင်း အနုပညာမှာ မယဉ်ပါသေးဘူးလို့ အောက်မေ့ပါတဲ့။ ဒါပေမယ့် သင့်ခံစားချက်ထဲမှာ သင်ဟာ အလုကို တဖြည်းဖြည်းရ , ရလာတယ်လို့ သတိထားလာမိရင်၊ အံ့သြဖွယ်ကောင်းတဲ့ နားလည်မှု ကို ရလာခဲ့ရင်၊ တစ်ခုနဲ့ တစ်ခု အတိုက်အခံ ဖြစ်ပြီး ရန်ဖက်ကျတဲ့ သဘောတွေ ကို တည်ငြိမ်စွာ ပေါင်းစည်းပေးနိုင်ခဲ့ရင် အဲဒီ အခါမှာ သင်ဟာ ဘ၀မှာ နေပျော်တဲ့ အနည်းငယ်မျှသော စွန့်စားမှု လမ်းကြောင်းပေါ်ကို ရောက်ပြီလို့သာ မှတ်လိုက်ပေတော့တဲ့။ အဲဒီ စွန့်စားမှု ကြီး ကတော့ ကြီးကျယ်ခမ်းနားတဲ့ အချစ်ပါပဲတဲ့။

*